# ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (28-7-2004)(၄၃၀၈)


ဂါရဝေါ စ တော် မင်္ဂလ မုတ္တမံ။

ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

## လက်ခံတွေ့ဆုံ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး** H. E. Air Vice Marshal (Retd.) Altaf Hossain Choudhury **နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဒါယာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး** H.E. Air Vice Marshal (Retd.) Altaf Hossain Choudhury **ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဒါယာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီး H.E. Air Vice Marshal (Retd.) Altaf Hossain Choudhury နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. A.B. Manjoor Rahim လည်း တက်ရောက်သည်။

(သတင်းစဉ်)



# ကချင်ပြည်နယ်တွင် စိုက်ပျိုးလုပ်ကိုင်နိုင်သည့်မြေ များစွာကျန်ရှိနေသေး ခပါးဧက (၆)သိန်း တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံချက်ချပြီး ဖိဖိစီးစီးဆောင်ရွက် စိုက်ပျိုးရေးလုပ်ငန်းအပြင် သဘာဝကုန်ထုတ်အရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြု တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ပြည်နယ်ကြီး ဘက်စုံဖွံ့ဖြိုးအောင် စည်းရုံးကြိုးပမ်း

ရန်ကုန် ဇူလိုင် ၂၇

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇူလိုင် ၂၆ရက် နံနက် ၈နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းတပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။**

ယင်းတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြစ်ကြီးနား တပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုအခါ နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းနေချိန်ဖြစ်ရာ ပြည်သူများမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်သားများ၊ မိသားစုဝင်များသည် နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲကာ တက်ညီလက်ညီ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၈-၇-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

# မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်ဖြစ်ထွန်းရေး စဉ်ဆက်မပြတ်ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးလျက်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထား၍ ဆက်ဆံလျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များသည် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ စီးပွားရေး၊ယဉ်ကျေးမှုနှင့်နည်းပညာစသည့် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အပြန်အလှန် လည်ပတ်လျက်ရှိသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့သည်။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလျက်ရှိရာ ယခုချစ်ကြည်ရေးခရီးစဉ်သည် တည်ရှိပြီးဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကိုညီရင်းအစ်ကိုချစ်ကြည်ရေး အဆင့်အထိ တိုးတက်မြင့်မားစေခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ချစ်ကြည်ရေးခရီးစဉ် အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများဖြစ်ကြသော သမ္မတကြီး မစ္စတာဟူကျင်တောင်၊ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၊ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အမြဲတမ်းအဖွဲ့ဝင် မစ္စတာလော်ဂန်တို့နှင့် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ချစ်ကြည်ရေး ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီဝန်ကြီး ချုပ် မစ္စတာဝမ်ကြားပေါင်နှင့်သီးသန့်တွေ့ဆုံမှုတစ်ကြိမ်နှင့် လုပ်ငန်း သဘောတွေ့ဆုံဆွေးနွေးမှုတစ်ကြိမ် တွေ့ဆုံပြီး နှစ်နိုင်ငံ ဘက်စုံပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းသို့တွေ့ဆုံဆွေးနွေးမှုများအရမြန်မာ-တရုတ် နှစ်နိုင်ငံအကြား စွမ်းအင်၊ရေအားလျှပ်စစ်၊သတ္တု၊စက်မှု၊ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် လယ်ယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည့် အလားအလာများ ဖော်ထုတ်နိုင်ခဲ့သည်။

ထို့အပြင် နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ ရှေ့မှောက်တွင် နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ ၁၁ခု၊ ရှင်ကျင့်မြို့ တွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်းသည့် နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာတစ်ခု စုစုပေါင်းနှစ်နိုင်ငံ သဘောတူစာချုပ်နှင့် နားလည်မှု စာချွန်လွှာ ၁၂ ခုတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မြန်မာ-တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး နှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၂၆ ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ပြီး **မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြား နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ အလျဉ်မပြတ်ဖြစ်ထွန်းနေသလို ယင်းချစ်ကြည်ရေး ခရီးစဉ်များ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များနှင့် နားလည်မှု စာချွန်လွှာများ အများအပြား လက်မှတ်ရေးထိုးနိုင်ခဲ့သည်ကို တွေ့ရ ကြောင်း၊ မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်များ လက်တွေ့အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းစေရအောင် ဆက်လက်ဆောင်ရွက် ဖွယ်ရာများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များအတွင်း ချုပ်ဆိုခဲ့သော သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများအပေါ် အကောင်အထည်ဖော်မှု အကျိုး ရလဒ်ကောင်းများဖြစ်ထွန်းခဲ့ပြီးဖြစ်သည်။ အချို့သော သဘောတူညီ ချက်များမှာ အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ-တရုတ်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက် ရေးတို့ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလျက်ရှိချိန်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လျင်မြန်စွာ အကောင် အထည်ပေါ်အောင်မြင် ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## ဆက်ကပ်လှူဒါန်း

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းဆံတော်ရှင် ဘုရားကြီးတိုက် ပဓာနနာယက ကျိုက်ထီး ဆောင်းဆရာတော်အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပထံ နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဗိုလ်ကြီးတိုးနိုင်မန်းနှင့် ဇနီး မဇေဇင် လတ်၊ သမီး မဇေသစ္စာမန်းတို့က နဝကမ္မ အလှူတော်ငွေကျပ် သိန်း ၁၀၀ ကို ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

# ကျိုက်ထီးဆောင်းဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၇

**မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီးတိုက် ပဓာနနာယကကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပအား ဇေကမ္ဘာ ကုမ္ပဏီလီမိတက်မှ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူရှင်များက နဝကမ္မအလှူတော်ငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော် ဇေကမ္ဘာကုမ္ပဏီ လီမိတက်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ကိုးပါးသီလခံယူ**

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ကျိုက်ထီးဆောင်းဆံတော်ရှင် ဘုရား ကြီးတိုက်အုပ် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တနာဂိန္ဒထံမှ ပရိသတ် များက ကိုးပါးသီလခံယူဆောက်တည် ကြသည်။

ထို့နောက် ကျေးဇူးရှင်ဖခင်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိန်အောင်အား ရည်စူး၍ သီရိသုဓမ္မသီဂြိဒေါ်ခင်သိန်း သားသမီးမြေးတစ်စုက နဝကမ္မ အလှူ တော်ငွေကျပ် ကိုးသိန်းကိုလည်းကောင်း၊ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဗိုလ်ကြီးတိုးနိုင်မန်းနှင့် ဇနီး မဇေဇင် လတ်၊ သမီး မဇေသစ္စာမန်းတို့က နဝကမ္မအလှူတော်ငွေ ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပညာဒီပအား လှူဒါန်း ကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များကို ဆက်ကပ်၍ လှူဒါန်းကြသည်။

ဆက်လက်ပြီး ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပညာဒီပက သာဓုအနု မောဒနာတရား မြွက်ကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။ ထို့နောက် ဗုဒ္ဓ သာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(က-ပ)

## မော်လမြိုင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၂၇**

မော်လမြိုင်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၁ရက် (ဝါဆိုလပြည့်) စနေနေ့နံနက်၉နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ အသင်း ဝင်များနှင့် အလှူရှင်များသည် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက် မကွက် တက်ရောက်ကြပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ အချိုပွဲ၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို မော်လမြိုင်ဓမ္မာရုံ ဖုန်း-၂၅၆၁၅၇သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

(က-ပ)

## သစ္စာလေးပါးတရား ဟောကြားမည်

**ရန်ကုန် ဇူလိုင် ၂၇**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံ တပည့် နိုင်ငံကျော် ဓမ္မကထိက သာသနာ့ဟိတခရေ ရွှေတံဆိပ်ဆုရ ဆရာကြီး ဦးစောအောင်သည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း အထက် ဘလောက်အောင်ဓမ္မာရုံကြီးတွင် ပဋိစ္စ သမုပ္ပာဒ်ဒေသနာမြတ်နှင့်သစ္စာလေးပါး တရားများကိုခန္ဓာဉာဏ်ရောက်သဘော ပေါက်အောင် ၁၃၆၆ ခု၊ ဒုတိယ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ၃၁-၇-၂၀၀၄(စနေနေ့)မှစ၍အပတ်စဉ် ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့တိုင်း တစ်ပတ်လျှင် နှစ်ရက် ည ၇ နာရီမှ ၉နာရီအထိဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားဒေသနာ နာကြားနိုင်ကြောင်းသိရသည်။

(က-ပ)

# နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၇**

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ ခုနှစ် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်ရာ ရတနာပြပွဲ၌ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို လာမည့်ဩဂုတ် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက် ရတနာ လုပ်ငန်းရှင်များ အကျိုးအတွက် ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့်ကြားကာလ များတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ ၏ ကျောက်မျက်ရတနာများရောင်းချခြင်း၊ ပြည်ပတင်ပို့ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ဂျိတီစီစနစ်သတ်မှတ်ချက် များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်း၊ ဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၀၄ခုနှစ် ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(သတင်းစဉ်)

## ရွာရန်ရာနှုန်း (၈၀)

**ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

## လှူဒါန်း

**ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်မေ သောင်းအား ရည်စူး၍ တိုက်(၉/က) ပြည်ထောင်စုရိပ်သာ၊ ဒဂုံမြို့နယ်နေ ဦးသန့်စင်အောင်က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေး ပဒေသာပင်ငွေကျပ်နှစ်သိန်းကို ဇူလိုင် ၁၈ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ် ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။** (က-ပ)



# ကျန်းမာရေး အလေးဂရုပြုစရာ မိုးတွင်းချိန်ခါ

တင်ထွဋ်
(အစိုးရတိုင်းရင်းဆေး)

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုသုံးပါး တစ်ပါးလျှင် လေးလတာကြာရှည်ပြီး ယခုမိုးဥတုကာလတွင် ဖြစ်ပွားနိုင်သည့် ရောဂါများနှင့် စပ်လျဉ်း၍ ဖြစ်ပွားရခြင်း အကြောင်းရင်းများ၊ ရောဂါလက္ခဏာများနှင့် မြန်မာတိုင်းရင်းဆေးဖြင့် ပြုစုကုသပုံတို့ကို အရှင်းလင်းဆုံး၊ လက်တွေ့အကျဆုံး၊ အလွယ်ကူဆုံး ဖော်ပြသွားမည်ဖြစ်ပါသည်။

**၁။ ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါ**

**(က)ဖြစ်ပွားရသောအကြောင်းရင်း။** ။ ဖန်၊အေးသော အရသာရှိသည့် သရက်သီးကင်း၊ သီဟိုဠ်ရွက်၊ ပိန္နဲကွင်း၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊(ဖွဲ့၊ ဆောင်၊ ချုပ်အစာများ) စားမိခြင်း၊ ရေချိုးမှားခြင်း၊ ယင်နားစာ၊ မကြေကျက်သောအစာ၊ အမှည့်လွန်သော သီးနှံတို့ကိုစားသုံးမိခြင်း။

**(ခ)ရောဂါလက္ခဏာများ။** ။ ဝမ်းနာကျင်စွာသွားပြီး ဝမ်းတွင်သွေး၊ ပြည်၊ အဆီပါဆင်းခြင်း၊ ဝမ်းသွားမှုပမာဏနည်းပြီး အကြိမ်လည်း များများ သွားတတ်ခြင်း၊ ဝမ်းအရောင်သည် ဖြူခြင်း၊ ဝမ်းကိုက်အားကြီးလျှင်တစ်နေ့ အကြိမ် ၂၀ မှ ၂၅ ကြိမ်၊ ဝမ်းကိုက်အားမကြီးလျှင် တစ်နေ့ ၄/၅ ကြိမ် သွားတတ်ခြင်း၊ ဝမ်းမသွားမီ/သွားနေစဉ် ဆီးစပ်နှင့်စအိုတွင် ရစ်၍ နာတတ်ခြင်း၊ အသားအရေခန်းခြောက်၍ လူမျက်ကွင်းဟောက်ပက် ဖြစ်လာတတ်ခြင်း။

**(ဂ)ပြုစုကုသနည်း။** ။ ကော်ဖီခါးခါး(သို့မဟုတ်)ရေနွေးကြမ်းခါးခါးကို သကြားစပ်ပြီး တစ်ကြိမ်လျှင် အကြမ်းပန်းကန် နှစ်လုံးပမာဏ တစ်နေ့လျှင် သုံးကြိမ်မှ ငါးကြိမ်သောက်၍ဖြစ်စေ၊ ကြောင်ပန်းရွက်ပြုတ်ရည်ပူပူကို သံပရာရည်ညှစ်၍ ဆားခတ်၍ ဖြစ်စေ၊ ထားဝယ်မှိုင်းရွက်ကို လက်သုပ်လုပ်၍ ဖြစ်စေ၊ ၄က်ပျောသီးဖီးကြမ်းကို ပြုတ် (သို့မဟုတ်)မီးကင်၍ဖြစ်စေ ကျွေးနိုင်ပါသည်။ အကယ်၍ သွေးဝမ်းသွားပါက ထမင်းခြောက်ကိုမှုန့်အောင်ထောင်း၊ ထန်းလျက်ဖြင့် နယ်၍ဖြစ်စေ၊ မုရားကြီးရွက်ကို သကြားနှင့် သုံးခွက်တစ်ခွက် တင် ကျို၍ဖြစ်စေ တိုက်ကျွေးနိုင်ပါသည်။ ဓာတ်စာအနေဖြင့် စားလိုပါက ဉသျှစ်ရွက်၊ ရှောက်ရွက်၊ ဒန့်သလွန်ရွက် ရရာတစ်ခုခုကို ကြက်သွန်ဖြူနိုင်နိုင်ဖြင့် ဟင်းချိုချက်၍ဖြစ်စေ၊ ကြက်ဟင်းခါးသီးကို ပါးပါးလှီး၊ အစေ့ကို ဖယ်ပြီး ပုစွန်၊ ငါးပိစိမ်းစား၊ ကြက်သွန်ဖြူ/နီ/ နနွင်း ဆီနိုင်နိုင်ဖြင့် ချက်၍ဖြစ်စေ၊ သကြားရည်၊ နာနတ်ရည်တို့ကိုဖြစ်စေ စားသုံးခြင်းဖြင့် ရောဂါကိုသက်သာ ပျောက်ကင်းစေပါသည်။

**၂။ ဝမ်းဖော၊ ဝမ်းရောင်ရောဂါ**

**(က) ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။ မိုးရာသီအစကာလ (မိုးဦးကျ)တွင် ရာသီစာများဖြစ်သည့် သရက်သီး၊ ပိန္နဲသီး၊ ကနစိုးသီး၊ မရန်းသီး၊ နာနတ်သီး စသည့်အအေးစာများ အလွန်အကျွံစားခြင်း၊ အဖန်အရသာရှိ အစာများစားခြင်း၊ မိုးရေများခြေထောက်တွင်လည်းကောင်း၊ ဝမ်းဗိုက်တွင်လည်းကောင်း အထိ အတွေ့များ၍ အစာများမကြေကျက်ခြင်း။

**(ခ) ရောဂါလက္ခဏာများ။** ။ အစာမကြေဘဲ ပျို့အန်ခြင်း၊ဝမ်း၏ အရောင်သည် (အပူဝမ်းဖြစ်လျှင်)နီ/ညိုရောင်ဖြစ်ပြီး (အအေးဝမ်းဖြစ်လျှင်) အဖြူရောင်ဖြစ်ခြင်း၊ဝမ်းဗိုက်ဖောရောင်ခြင်း၊ မနူးမနပ်ဝမ်းသွားခြင်း၊ ဝမ်းဗိုက်ကို ပုတ်လျှင် ဗုန်းဗုန်းမြည်ခြင်းနှင့်ဝမ်းဗိုက်နာခြင်း။

**(ဂ) ပြုစုကုသနည်း။** ။အပူဝမ်းဖြစ်ပါက အပူငြိမ်းသွေးဆေး [တိုင်းရင်းဆေး ခန်းသုံးဆေးအမှတ်(၁၆)]ကို ရေနွေး၊ ဆီးဖြူသီး(သို့)ဖန်ခါးသီးခြောက်သွေးရည် တို့နှင့်ရောစပ်၍ သောက်နိုင်ပါသည်။ အအေးဝမ်းဖြစ်ပါက ဇာတိလဝင်ဆေး၊ (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် ၃၅)ကို ဆီးဖြူသီး (သို့)ဖန်ခါးသီးသွေးရည် (သို့မဟုတ်)မုရားကြီးရွက်ပြုတ်ရည်နှင့် ရော၍တိုက်နိုင်ပါသည်။ ဓာတ်စာအနေဖြင့် သရက်သီးဆားရည်စိမ်ကို ဆီချက်နှင့်သုပ်၍ဖြစ်စေ၊ ချင်းသုပ်၊ ဒန့်သလွန်ရွက်ကြော် တို့ကိုဖြစ်စေ စားသုံးနိုင်ပါသည်။

**၃။ အစာမကြေ လေထိုးလေအောင့်ရောဂါ**

**(က)ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။အစာကို အချိန်မရွေးစားသောက်ခြင်း၊ အကြိမ်ကြိမ်အထပ်ထပ် စားခြင်း၊ ဗိုက်ပြည့်သည်ထက် ပို၍စားသောက်ခြင်း၊ ကြေကျက်ခဲသော အစားအစာများ၊ လေချုပ်စေတတ်သော အဖန်အရသာရှိသော အစာများအစာလွန်ကဲစွာစားသောက်ခြင်း၊ တွဲဖက်၍ မစားသင့်သော အစာများ၊ အပူစာနှင့် အအေးစာများတွဲဖက်၍ စားသောက်ခြင်း၊ ခန္ဓာကိုယ် ခြေဖျား အောက်ပိုင်း အအေးခံခြင်း၊ အညောင်းအထိုင်များပြီး ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း။

**(ခ) ရောဂါလက္ခဏာများ**

**(၁) အစာမကြေရောဂါလက္ခဏာများ။** ။ အစာစားပြီးနောက် နှစ်နာရီခန့်အကြာမှစ၍ ဝမ်းဗိုက်လျော့သင့်သလောက် မလျော့ဘဲတင်းနေခြင်း၊ အစာနံ့ပြန် (အချဉ်တက်)ခြင်း၊ တံတွေးများခြင်း၊ မူးမော်ခြင်း၊ တွေဝေခြင်း၊ ရေငတ်ခြင်း၊ ကိုယ်လက်လေးလံတောင့်တင်းခြင်း၊ ဝမ်းဗိုက်၌ ထိုးကျဉ်ခြင်း၊ ကျင်ကြီးကျင်ငယ်ချုပ်ခြင်း။

**(၂) လေထိုးလေအောင့်ရောဂါလက္ခဏာများ။** ။ အစာနံ့ပြန် (အစာချဉ်တက်)ခြင်း၊ အစာနှင့်လေပွခြင်း၊ ဝမ်းဗိုက်ပြည့်ကျပ်၊ အစာများပါ အထက်သို့ ဆန်ခြင်း၊ ရပ်ပိန်ချူးသွေးအားနည်းခြင်း၊ စိတ်မကြည်လင်ခြင်း၊ မျက်စိနာ၊ နားအူခြင်း၊ ဆီး–ဝမ်း–လေချုပ်ခြင်း၊ ခေါင်းကိုက်တတ်ခြင်း။

**(ဂ) ပြုစုကုသနည်း**

**အစာမကြေရောဂါအတွက် ပြုစုကုသနည်း။** ။ အစာကို မကျွေးဘဲ အစာသစ်အိမ်အတွင်း၌ အစာများ ခိုအောင်းနေပါက အန်အောင်ပြုလုပ်ပါ။ သံပရာရည် ထမင်းစားဇွန်းနှစ်ဇွန်းနှင့် ဆားမီးဖုတ်တစ်မတ်သား ရောစပ်၍ဖြစ်စေ၊ သံပရာရည် ထမင်းစားဇွန်းတစ်ဇွန်းနှင့် ပျားရည် သို့မဟုတ် ထန်းလျက်ပြုတ်ရည် ထမင်းစား ဇွန်းတစ်ဇွန်းတို့ကို ရေနွေးပူပူ ဖန်ခွက်တစ်ခွက်ထဲတွင် ဆားလေးလေး ထည့်၍ဖြစ်စေ တိုက်ကျွေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။ ကိုယ်ဝန်ဆောင်၊ မီးယပ်သွေးပျက်ရောဂါရှိသူ၊ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ သွေးဝမ်းရောဂါ ရှိသူများမဟုတ်ပါက သဗ္ဗဓေယျဆေးစပ်ကြီး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် ၂၉) တစ်ဆ၊ သကြားရှစ်ဆရော၍ အစာမစားမီနှင့် အစာစားပြီး လက်ဖက်စား ဇွန်းတစ်ဇွန်း ရေနွေးဖြင့် သောက်နိုင်ပါသည်။ သွေးတိုးနှင့် ကျောက်ကပ်ရောဂါ မရှိသူများအတွက် လေမျိုးရှစ်ဆယ်ဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်၂) ကို မကြာမကြာ လျက်နိုင်၊ တိုက်နိုင်ပါသည်။

**လေထိုးလေအောင့်ရောဂါအတွက် ပြုစုကုသနည်း။** ။ လေထိုးလေအောင့် ဖြစ်သည့်အခါ ဝမ်းဗိုက်ကိုလွန်မင်းစွာမနှိပ်မိရန် အထူးဂရုပြုရပါမည်။ (အကယ်၍ နာကျင်သည့်နေရာသည် တစ်နေရာတည်းဖြစ်ပြီး ဝမ်းခေါင်းလည်း တဖြည်းဖြည်း တင်းလာပါက အစာအိမ်ပေါက်ခြင်း၊ အူအတက်ပေါက်ခြင်း၊ အူပေါက်ခြင်း စသည့်စိုးရိမ်ဖွယ် အခြေအနေများဖြစ်တတ်၍ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့ရန် အရေးကြီးပါသည်) သာမန်လေထိုးလေအောင့်ဖြစ်ပါက ဆားခါး ကို ရေနွေးဖြင့် ဖျော်၍ဖြစ်စေ၊ ကန့်ကလာကို သုံးခွက် တစ်ခွက်တင်ကျိုပြီး ဆား၊ ပျားရည်တို့ရော၍ဖြစ်စေ၊ သဘော်ဖိုမြစ်ကို သုံးခွက်တစ်ခွက်တင်ကျို ၍ဖြစ်စေ၊ တိုက်ကျွေးနိုင်ပြီး ကြေကျက်ခဲသော အစာကြမ်းများ မကျွေးဘဲ စွပ်ပြုတ်ရည်ကျဲကျဲတိုက်ကျွေးခြင်း၊ ထိုးအောင့်သည့်နေရာတွင် ရေနွေးအိတ်ကပ် ပေးရပါမည်။ သွေးတိုးရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါ မရှိသူများအတွက် လေမျိုးရှစ်ဆယ်ဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်–၂)ကို ဖြစ်စေ၊ မတဲမြင့်မိုရ်ကုန်းဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်–၂၅)ကိုဖြစ်စေ၊ ဆား ငါးပါးဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်–၃)ကိုဖြစ်စေ၊ တစ်ကြိမ်လျှင် လူကြီး၂ ပဲသား၊ ကလေး ၁ပဲသားနှုန်းဖြင့် တစ်နေ့ (၃) ကြိမ်တိုက်ကျွေးပေး ရပါမည်။ "အစာမကြေ၊ လေထိုးလေအောင့်ရောဂါအတွက် လိမ်းဆေး"အဖြစ် ယူကလစ်ဆီ၊ အရက်ပြန်၊ နှမ်းဆီ သုံးမျိုးတို့ကို ဆတူစပ်ပြီး ပုလင်းထဲ၌ထည့်၊ ပုလင်းကိုလှုပ်ပြီး တစ်နေ့ (၂)ကြိမ်၊ (၃) ကြိမ်၊ ရင်ဘတ်နှင့် ဝမ်းဗိုက်ကို လိမ်းပေးပါက သက်သာပျောက်ကင်းနိုင်ပါမည်။

**၄။ အသည်းရောင်အသားဝါရောဂါ**

**(က) ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။ ပူသောအစားအစာများ စားသုံးမှု လွန်ကဲခြင်း၊ ခန္ဓာကိုယ်အတွင်း၌ အပူဓာတ် ကိန်းအောင်းမှု လွန်ကဲခြင်း၊ သောက်သုံးရေ မသန့်ရှင်းခြင်း၊ အစားအသောက်များ ချက်ပြုတ်စားသောက် ရာတွင် သန့်ရှင်းမှု မရှိခြင်း၊ မှိုတက်သော၊ ပုပ်သိုးသော အစားအစာများကို အမှတ်တမဲ့ စားမိခြင်း၊ ဆီးချုပ်၊ ဝမ်းချုပ်အဖြစ်များခြင်း၊ အညောင်းထိုင်မှုများခြင်း ခန္ဓာကိုယ်အနေအထား တစ်မျိုးတည်းကြာရှည်စွာ အနေများခြင်း၊ ပူသောဥတု (လေပူ၊ ရေပူ၊ မီးပူများ)တွင် ထိတွေ့မှုလွန်ကဲခြင်း။

**(ခ) ရောဂါလက္ခဏာများ။** ။ နေထိုင်မကောင်း၊ ကိုယ်လက်မအီမသာ ဖြစ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဖျားခြင်း(ဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာပါက) မျက်လုံးနှင့် လျှာများဝါခြင်း၊ ခန္ဓာကိုယ် တစ်ခုလုံး ဝါလာခြင်း၊ မူးဝေခြင်း၊ မောပန်းခြင်း၊ ဆီးများဝါလာခြင်း၊ လက်ယာဘက်နံရိုးများ နာလာခြင်း (အသည်းရောင်သည့် လက္ခဏာပေါ်လာခြင်း)။

**(ဂ) ပြုစုကုသနည်း။** ။ အာရုံနေရာအားဖြင့် အအေးခံခြင်း၊ အထူး သဖြင့် ခြေထောက်အောက်ပိုင်း အအေးခံခြင်းများ မပြုမိစေဘဲ နွေးထွေးစွာနေထိုင် ခြင်းနှင့် ဝမ်းဗိုက်ပိုင်းကို နွေးထွေးစွာနေစေခြင်း၊ ဆေးအနေဖြင့် လတ်ဆတ်သော ကင်းပွန်းချဉ်ရွက်သတ္တုရည်(သို့မဟုတ်) အရိပ်ထဲတွင် အခြောက်လှန်းထားသော တောင်ဆီးဖြူ ပဥ္စငါးပါးပြုတ်ရည် အကြမ်းပန်းကန်နှစ်လုံး ပမာဏကို တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁) (သေမှ ပူတိက မက်လင်ချဉ် သလိပ်ပုပ် ပျောက်ဆေး)နှင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၆) (ဟလိစုဏ္ဏဆေး) ဆတူ ရောစပ်ပြီး ဆေးပမာဏ (လူကြီးအတွက် နှစ်ပဲသား၊ ကလေးအတွက် တစ်ပဲသား)စပ်၍လည်းကောင်း၊ ကြက်သဟင်းပြုတ်ရည် (သို့မဟုတ်) ထိကရုံး ဆူးပေါက်ပြုတ်ရည် (သို့မဟုတ်) ကြခတ်ဝါးရွက်ပြုတ်ရည် အကြမ်းပန်းကန်လုံး တစ်လုံးပမာဏကိုတိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၂၁)(ဆီးဆေးဖြူ) (လူကြီး အတွက် နှစ်ပဲသား၊ ကလေးအတွက်တစ်ပဲသား)စပ်၍လည်းကောင်း၊ စူလာနဖာ ပြုတ်ရည်(သို့မဟုတ်)ဟင်းနုနယ်ပဥ္စငါးပါးပြုတ်ရည်တို့ကိုသကြားနှင့်လည်းကောင်း အဆိုပါ ဆေးများအနက် ရရှိရာတစ်ခုခုကို တစ်နေ့လျှင် သုံးကြိမ်မှ ငါးကြိမ် သောက်စေခြင်း၊ (ဆီးဆေးဖြူနှင့် တွဲဖက်တိုက်ရမည့်ဆေးကိုမူ နံနက်နှင့်နေ့လယ် နှစ်ကြိမ်သာ တိုက်ရန်ဖြစ်သည်။) အစာအနေဖြင့် ကျောက်ဖရုံသီး၊ ဘူးသီး ဟင်းချိုချက် စားစေခြင်း၊ ရေကိုကျိုချက် သောက်စေခြင်း၊ နာနတ်သီးမှည့်ရည်နှင့် သကြား၊ ဂလူးကို့စ်ရည်ရော၍တိုက်ခြင်း၊ စပျစ်သီးစားခြင်းတို့ကို ပြုလုပ်ပေးရ ပါမည်။

**၅။ သန်ကောင်၊ တုပ်ကောင်ရောဂါ**

**(က) ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။ ရာသီစာဖြစ်သော သရက်သီး၊ ပိန္နဲသီး၊ ကနစိုးသီး၊ မရန်းသီး၊ နာနတ်သီးစသော အအေးစာများ အလွန်အကျွံ စားမိခြင်း၊ မိုးထဲလေထဲ ပြေးလွှားဆော့ကစားသဖြင့် လေတိုက်ခံ၊ အအေးခံ ခြင်းများ ပြုလုပ်ခြင်း၊ အစာမကြေခြင်း၊ ကလေးများအနေဖြင့် မသန့်ရှင်းသော လက်များဖြင့် အစားအစာများ စားသောက်ခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းမှု နည်းပါးခြင်း။

**(ခ) ရောဂါလက္ခဏာများ။** ။ ဝမ်း၏အရောင်သည် ဖြူပြီးအစာမကြေဘဲ ဝမ်းခဏခဏသွားခြင်း၊ အသားအရေဖြူဖပ်ဖြူရော်ဖြစ်ပြီး မျက်နှာဝါ၊ မျက်ကွင်း ညိုတတ်ခြင်း၊ ဝမ်းဗိုက်ထဲကနာပြီး ရောင်နေတတ်ခြင်း၊ ခန္ဓာကိုယ် ပိန်ချုံးလာပြီး ဗိုက်ပူနံကားဖြစ်လာခြင်း၊ မရွှင်မလန်းဖြစ်ခြင်း။

**(ဂ) ပြုစုကုသနည်း။** ။ မတဲမြင့်မိုရ်ကုန်းဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၂၅)ကိုဖြစ်စေ ဇာတိလဝင်ဆေး(တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်–၃၅)ကို ဖြစ်စေ၊ ရေနွေးပူပူဖြင့် ကလေးအတွက် တစ်ကြိမ်လျှင် တစ်ပဲသားခန့်၊ တစ်နေ့လျှင် သုံးကြိမ်နှုန်း သုံးရက်တိုက်ကျွေးနိုင်သည်။ သန်ကောင်ရောဂါရှိသည့် ကလေးများအနေဖြင့် အင်အားကုန်ခန်းချည့်နဲ့ခြင်း၊ ကိုယ်ပူ၊ အတက်၊ သွေးဝမ်း သွားခြင်းစသည့် ရောဂါများမရှိပါက သန်ချဆေးအဖြစ် ပုတတ်စာဥကို သကြားနဲ့ရောစပ်ပြီးဖြစ်စေ၊ သဘော်စေးနှင့်ထန်းလျက်ကို တော၍ဖြစ်စေ၊ ခုနစ်ပါးဆေးဝါလေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်–၄၇)၊ ရွှေကြီးတစ်ရွှေးမှ သုံးရွှေးအထိ တိုက်ကျွေးနိုင်ပါသည်။ ကိုယ်ပူကျလိမ်းဆေးအဖြစ် ခုနစ်ပါးဆေး ဝါလေးတစ်ရွှေးခန့်ကို သနပ်ခါးရည်ကျဲကျဲဖြင့် ဖျော်လိမ်း ပေးပြီး စောင်ပါးပါးခြုံ၊ လေလုံရာမှာထားပါ။ ချောင်းဆိုးပါက ချောင်းဆိုးပျောက်ဆေးအဖြစ် ကွမ်းရွက် သတ္တုရည်ကို ဆားအနည်းငယ်ထည့်၍ တစ်ကြိမ်လျှင် လက်ဖက်စား တစ်ဇွန်းဖြင့် တစ်နေ့ သုံးကြိမ်သောက်နိုင်ပါသည်။ နှာပိတ်ပါက ရှိန်းခိုကို အုန်းဆီနှင့်နှာဝ၊ ငယ်ထိပ်တို့ကို အုပ်လိမ်းပေးပါက သက်သာစေပါသည်။

**၆။ တုပ်ကွေးရောဂါ**

**(က) ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။အပူခံလွန်းခြင်း၊ အအေးခံလွန်း ခြင်း၊ ပင်ပန်းလွန်းခြင်း၊ အပူအစပ်အချဉ်အစားအစာများ လွန်ကဲစွာစားသုံးခြင်း နှင့်ရာသီဥတုအပူအအေး ရုတ်တရက်ပြောင်းလဲခြင်း၊ ခန္ဓာကိုယ် ခုခံအား နည်းခြင်း၊ အစာအာဟာရမှားယွင်း၍ စားမိခြင်း။

**(ခ) ရောဂါလက္ခဏာများ။** ။ ချွေးငုပ်ခြင်း၊ ခေါင်းမထူနိုင်ခြင်း၊ ခေါင်းလေးခေါင်းကိုက်ခြင်း၊ မျက်လုံးမဖွင့်လိုခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အကြောများတင်းမာခြင်း၊ ဆီးပူဆီးနည်းခြင်း၊ ဝမ်းချုပ်ခြင်း၊ တစ်ခါတစ်ရံပျို့အန် ခြင်း၊ ရေငတ်ခြင်း၊ (အဖျားကြောင့်) ကိုယ်လက်နုံးနယ်မအီမသာဖြစ်ခြင်း၊ နှာစေးခြင်း၊ နှာရည်များယိုခြင်း၊ လည်ချောင်းနာခြင်း၊ ဝမ်းပျက်ခြင်း၊ ချမ်းစိမ့်စိမ့် ခံစားရကာ (စောင်ကိုခေါင်းမြီးခြုံပြီး အိပ်ရာတွင်ဒူးနှင့်ခေါင်းတုပ်၍ တစ်ကိုယ် လုံး သုံးဆစ်ချိုးလျက်နေမှ သက်သာသလို ခံစားရသည်)ချောင်းအနည်းငယ် ဆိုးခြင်း၊ နှာခေါင်းဝများယားယံသကဲ့သို့ဖြစ်ပြီး နှာချေဆပ်လာမည်။ ထို့နောက် ခေါင်းအုံကိုက်ခဲ၍ နှာရည်များယိုဆင်းလာခြင်းဖြစ်ပွားပြီး တစ်ရက်နှစ်ရက် အကြာတွင် ကျဆင်းသောနှာရည်များ ပျစ်ခဲလျက် ဝါကျင်သောအရောင်သို့ ပြောင်းလာကာ နှာခေါင်းခြောက်သွေ့၍ နှာပိတ်ပြီးအသက်ရှူရှိုက်မှု ခက်ခဲ လာခြင်း။

**(ဂ) ပြုစုကုသနည်း။** ။ အခိုးအာကာသပွင့်၍ ချွေးထွက်စေရန် ကွမ်းရွက်ပြုတ်ရည်၊ မြက်ခုံညင်း၊ ကျပ်ခိုး၊ ချင်း(ဂျင်း)တို့ကို ကျိုကာ (လေလုံသောနေရာတွင် စောင်ခြုံလျက်) အကြမ်းပန်းကန်လုံးနှစ်လုံး ပမာဏ သောက်ပါ။ အကယ်၍ ခန္ဓာကိုယ်မှ ချွေးထွက်မညီသေးပါက မွန်းလွဲ ၁ နာရီခန့် တွင် ကွမ်းရွက်၊ ထန်းလျက်၊ ချင်း (ဂျင်း) သုံးမျိုးပြုတ်ရည်ကို အကြမ်းပန်းကန် နှစ်လုံး ပမာဏခန့် ထပ်သောက်ပါ။ ညနေ ၅ နာရီခန့်တွင် ရှမ်းဆေးခါးနှင့် ကန့်ကလာခါးတို့ကို သုံးခွက်တစ်ခွက်တင်ပြုတ်၍ ဆားငန်ငန်နှင့် သောက်ပါ။ နံနက် ၇ နာရီတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၆) (အပူငြိမ်း သွေးဆေး)ကို ကရမက်၊ နံ့သာဖြူပျစ်ပျစ်သွေးလျက် ရေကျက်နွေးနှင့်တိုက်ပါ (သို့မဟုတ်)တရုတ်စကားခေါက်၊ဥသျှစ်ခေါက်ကို သွေး၍တိုက်ပါ။ချင်း(ဂျင်း)ပါး ခုနစ်လွှာနှင့်ထန်းလျက်ခုနစ်လုံးထည့်၍ရေသုံးခွက်တစ်ခွက်တင်ကျိုသောက်ပါ။

**၇။ အဆုတ်ပြွန်ရောင်ရောဂါ**

**(က) ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။ အဆုတ်အအေးမိခြင်း၊ ဝက်သက်ရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ တုပ်ကွေးရောဂါစသည်တို့ ကြောင့်ဖြစ်သည်။

**(ခ)ရောဂါလက္ခဏာများ။** ။နှာစေးလာခြင်း၊ နှာရည်ယိုခြင်း၊ ပြင်းထန်စွာ ချောင်းဆိုးလာခြင်း၊ ရင်ကျပ်ခြင်း၊ အသက်ရှူရာ၌ လေသွင်းလေထုတ်ပြုရာတွင် ခက်ခဲမှုရှိခြင်း။

**(ဂ) ပြုစုကုသနည်း။** ။ မုရားကြီးရွက် (သို့မဟုတ်)ကစော့ခါးရွက်ပြုတ်ရည် အကြမ်းပန်းကန် တစ်လုံးပမာဏကို သကြားနှင့်ရော၍ဖြစ်စေ၊ တိုင်းရင်းဆေးခန်း သုံးဆေးအမှတ်(၁) (သေမှပုတိက သလိပ်ပုပ်ပျောက်ဆေး)နှင့် တိုင်းရင်းဆေးခန်း သုံးဆေးအမှတ်(၆) (ဟလိဒ္ဒစုဏ္ဏဆေး)တို့ကိုဆတူရောစပ်၍(လူကြီး ၂ ပဲသား၊ ကလေး ၁ပဲသား)တို့ကို ကွမ်းရွက်စိမ်းရည်(သို့မဟုတ်)ရှောက်ရည်၊ ပျားရည် နှစ်မျိုးဆတူ လက်ဖက်စားဇွန်း နှစ်ဇွန်းနှင့်စပ်၍ တစ်နေ့လျှင် သုံးကြိမ်ခန့် သောက်စေရန်ဖြစ်ပါသည်။ အစာအနေဖြင့် ကြက်သွန်ဖြူကို ကျွေးရန်ဖြစ်သည်။ လိမ်းဆေးအနေဖြင့် မြင်းခွာရွက်အမှုန့်ကို မီးဖြင့်နွေးရုံသာအပူပေး၍ မုန်ညင်းဆီ ဖြင့် ရင်ဘတ်ကို လူးပေးရန် ဖြစ်ပါသည်။

**၈။ မျက်စိနာရောဂါ**

**(က) ဖြစ်ပွားရခြင်းအကြောင်းရင်း။** ။ နေပူခံ၊ ရေချိုးမှား၊ အပူ အအေးလွန်ကဲစွာခံခြင်း၊ အိပ်ရေးပျက်၍ ညဥ့်နက်သန်းခေါင်ထိ နေခြင်း၊ ဝမ်းချုပ်ခြင်း၊ အညောင်းအထိုင်များလွန်းခြင်း၊ အပူစာ အတက်စာများစားခြင်း။

**(ခ) ရောဂါလက္ခဏာများ။** ။ မျက်စိ၌ရှိသောသွေးသည် ကြွတက်၍ မျက်စိတစ်ခုလုံးနီခြင်း၊ (အအေးဓာတ်က တေဇောဝါယောဓာတ်နှစ်ပါးကို ဖွဲ့ချုပ်ထားသောကြောင့် တေဇောအခိုးကြောင့် ဖြစ်ပါသည်။)

**(ဂ) ပြုစုကုသနည်း။** ။ မန်ကျည်းခေါက်ကိုသွေးပြီး မျက်စိကို ကွင်း၍ ဖြစ်စေ၊ မန်ကျည်းရွက်ရေစိမ်၍ မျက်စဉ်းခတ်၍ဖြစ်စေ ပြုလုပ်ပေးနိုင်ပါသည်။ စားဆေးအဖြစ်တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၁) (သေမှပုတိကမက်လင်ချဉ် သလိပ်ပုပ်ပျောက်ဆေး)၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၅၃) (မျက်ကွင်း ဆေး)၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၅၄) (မျက်စဉ်းဆေး)တို့ကို အသုံးပြု နိုင်ပါသည်။

အထက်ပါ ရေးသားတင်ပြခဲ့သော ရောဂါများနှင့်စပ်လျဉ်း၍ ဖြစ်ပွားရခြင်း အကြောင်းရင်းများကို သိရှိခြင်းဖြင့် ရောဂါများမဖြစ်ပွားရန် ကြိုတင်ကာကွယ် နိုင်ခြင်း၊ ဖြစ်ပွားသည့်ရောဂါ၏ လက္ခဏာများနှင့်ပြုစုကုသနည်းများကို သိရှိရခြင်း ဖြင့် ရောဂါဖြစ်ပွားမှုကို ဆောလျင်စွာသိရှိပြီး ကနဦးကျန်းမာရေး စောင့်ရှောက် မှုများကို ဆောလျင်စွာပြုလုပ်နိုင်ရန် ရည်ရွယ်တင်ပြထားခြင်းဖြစ်ပြီး အထက်ပါ ပြုစုကုသနည်းများဖြင့် ကုသရာတွင်သိသာထိရောက်သော ရောဂါသက်သာခြင်း မရှိပါကမူလဖြစ်ပွားသည့်ရောဂါထက်အသက်အန္တရာယ်ထိခိုက်သည့်အခြေအနေ သို့ မရောက်စေရန် (ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ခြင်းမှ အူ၊အစာလမ်းကြောင်း ကို ပေါက်စေခြင်း၊ အသည်းတွင် အနာပေါက်စေခြင်း၊ အစာမကြေ လေထိုး လေအောင့်ခြင်းမှ အစာအိမ်၊ အူ၊ အသည်း၊သည်းခြေတို့နှင့် ပတ်သက်သော ရောဂါတစ်ရပ်ရပ်ဖြစ်ပေါ်စေခြင်း၊ အသည်းရောင် အသားဝါရောဂါမှ အသည်း အမာရွတ်ဖြစ်ခြင်း၊ နှာစေးချောင်းဆိုးခြင်းမှ လည်ချောင်းနာခြင်း၊အဆုတ်ရောင်ခြင်း၊ အဆုတ်အအေးမိ/အဆုတ်ပြွန် ရောင်ခြင်း၊ ထိပ်ကပ်နာဖြစ်ခြင်း) နီးစပ်ရာ ဆေးပညာရှင်၊ ဆေးခန်း၊ ဆေးရုံများသို့ အမြန်ဆုံးပို့ရန် ဂရုပြုသင့်ပါကြောင်း ကျန်းမာရေးအထောက်အကူပြုအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

# အမေရိကန်ရောက် တရုတ်အမျိုးသမီးလုပ်ငန်းရှင်ကို အာဏာပိုင်များက ရိုက်နှက် တရုတ်–အမေရိကန် ကုန်သွယ်ရေးအဖွဲ့က ကန်အစိုးရထံ ကန့်ကွက်ထား

နယူးယောက် ဇူလိုင် ၂၆

**တရုတ်–အမေရိကန် ကုန်သွယ်ရေးအဖွဲ့တစ်ဖွဲ့သည် ပြီးခဲ့သော စနေနေ့ (ဇူလိုင်၂၄ရက်)က အမေရိကန် အာဏာပိုင်များထံသို့ ပြင်းထန်စွာ ကန့်ကွက်ထားသည့် ကန့်ကွက်စာတစ်စောင်ကို ပေးပို့လိုက်သည်။ ထိုကန့်ကွက်စာသည် အမေရိကန် ဥပဒေထိန်းသိမ်းရေး အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များက တရုတ်အမျိုးသမီး လုပ်ငန်းရှင်တစ်ဦးကို ရက်စက်စွာ ရိုက်နှက်ညှဉ်းပန်းခဲ့သည့်ကိစ္စနှင့် သက်ဆိုင်နေကြောင်းသိရသည်။**



ဇူလိုင်၂၆ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြို့လယ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အဆိုပါကန့်ကွက်စာကို ပေးပို့သော အဖွဲ့အစည်းမှာ အမေရိကန်–တရုတ် လွတ်လပ်စွာ ကုန်သွယ်မှုမြှင့်တင်မှု ပြင်ဆင်ရေးကော်မတီဟု အမည်ရသော အဖွဲ့အစည်းဖြစ်သည်။ ၎င်းတို့ကိုယ် ၎င်းတို့ လွတ်လပ်သောကမ္ဘာဟု ခေါ်နေကြသော နိုင်ငံအများစုတွင် အမေရိကန်သည် ကိုယ့်ကိုယ်ကို လူ့အခွင့်အရေးအရာတွင် စံပြနိုင်ငံအဖြစ် ကြွေးကြော်နေသည်။ ထိုနိုင်ငံ၏ မြေပေါ်တွင် ယခုကဲ့သို့ ဆိုးရွားစွာ လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် ဖြစ်ရပ်ကြောင့် အမေရိကန်အစိုးရအပေါ်တွင် ရှောင်လွှဲ၍ မရလောက်အောင် တာဝန်ရှိနေပြီဟု တရုတ်–အမေရိကန် ကုန်သွယ်ရေးအဖွဲ့က ပေးပို့သော ကန့်ကွက်စာတွင် ဖော်ပြထားသည်။

### ကြုံတွေ့

တရုတ်လုပ်ငန်းရှင် အမျိုးသမီးကို ရိုက်နှက်သောဖြစ်ရပ်မှာ ဇူလိုင်၂၁ရက် နှောင်းပိုင်းက အမေရိကန်–ကနေဒါ နယ်စပ်ရှိ ကျော်ကြားသည့် နိုက်ယာဂရာ ရေတံခွန်ကြီးအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရိုက်နှက်စော်ကားခြင်းခံရသော တရုတ်စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီး၏ အမည်မှာ ဇောင်ယန်ဖြစ်သည်။ သူမသည် တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှဖြစ်ပြီး အမေရိကန်သို့ ပထမဦးဆုံးအကြိမ် လာရောက်သော ခရီးစဉ်တွင် ယခုကဲ့သို့ ကြုံတွေ့ရခြင်းဖြစ်သည်။

### လိုက်နာမှုမရှိ

အမေရိကန် အကောက်ခွန်ဌာနနှင့် နယ်ခြားဒေသ ကာကွယ်ရေးတပ်ဖွဲ့များတွင် သက်ဆိုင်ရာ စစ်ဆေးရေး လုပ်ထုံးလုပ်နည်းများရှိသည်။ သို့သော် ထိုလုပ်ထုံးလုပ်နည်းများကို လိုက်နာမှုမရှိဘဲ ပစ်ပယ်ကာ တရုတ်အမျိုးသမီးကို အကောက်ခွန်အရာရှိများနှင့် နယ်ခြားကာကွယ်ရေး တပ်ဖွဲ့များက ရိုက်နှက်ခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။

### ချမှတ်ကျင့်သုံး

အမေရိကန်နိုင်ငံသည် ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် အကြမ်းဖက် တိုက်ခိုက်မှုကြီးနှင့် ကြုံခဲ့ရသည်။ ထိုအဖြစ်အပျက်ဖြစ်ပွားပြီး နောက်ပိုင်းတွင် အမေရိကန်သို့ ဝင်ရောက်လာကြသူများအပေါ်တွင် ပြည်ဝင်ခွင့် ဗီဇာလက်မှတ် ထုတ်ပေးရာ၌ တင်းကျပ်သော စည်းကမ်းကန့်သတ်ချက်များ ချမှတ်ကျင့်သုံးခဲ့သည်။ တရုတ်အမျိုးသမီး ဇောင်မှာ ထိုစည်းကမ်းချက်များ သတ်မှတ်ခဲ့ပြီးနောက်ပိုင်းတွင်မှ ဗီဇာရရှိခဲ့သူတစ်ဦး ဖြစ်သည်။

အမျိုးသမီးဇောင်သည် တရားဝင်ဗီဇာ ကိုင်ဆောင်ဝင်ရောက်လာသူဖြစ်ပါလျက်နှင့် အမေရိကန်မြေပေါ်တွင် အဘယ့်ကြောင့် ယခုကဲ့သို့ အဖြစ်ဆိုးမျိုးနှင့် ကြုံရပါသနည်းဟု ကန့်ကွက်လွှာတွင် မေးခွန်းထုတ်ထားသည်။

အဆိုပါ အဖြစ်အပျက်နှင့် ပတ်သက်၍ ဇောင်သည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဇူလိုင် ၂၃ ရက်က ပြုလုပ်ခဲ့သည်။ အခင်းဖြစ်ပွားစဉ်နေ့က သူမနှင့် အဖော်နှစ်ဦးတို့ လမ်းလျှောက်သွားနေကြစဉ် ယူနီဖောင်းဝတ်ထားသူတစ်ဦးက ၎င်းရပ်နေသော နေရာသို့ လာရန် လက်ဟန့်ရမ်း အချက်ပြလိုက်သည်ဟု သူမက ပြောကြားခဲ့သည်။

သူမက ထိုအရာရှိ ရပ်နေသော အခန်းအတွင်းသို့ ဝင်လိုက်သောအခါ အရာရှိတစ်ဦးက သူမကို မပြောမဆိုနှင့် ရိုက်ချလိုက်ကြောင်း၊ ဆံပင်မှဆွဲ၍ မြေပေါ်သို့ မှောက်ချလိုက်ပြီး မျက်နှာကို ကန်ကျောက်ကာ အတင်းအဓမ္မ ဒူးထောက်ခိုင်းကြောင်း၊ ထိုအဖြစ်အပျက်များအတွင်း သူမမှာ ဘာမျှ ပြန်ပြောချိန်၊ တုံ့ပြန်ချိန်ပင် မရခဲ့ကြောင်း ဇောင်က ပြန်၍ပြောပြသည်။

သူမ၏မျက်နှာပေါ်တွင် ဖူးရောင်ပွန်းပဲ့ရာများဖြင့် ပြည့်နေခဲ့သည်။ မျက်လုံးမှာ ပိတ်လုမတတ်ပင် ရောင်ကိုင်းနေခဲ့ရသည်ဟု ဆိုသည်။ ထို့နောက် သူမကို ဆေးရုံသို့ ခေါ်သွားကြပြီး ပြန်လွှတ်ပေးလိုက်ကြသည်။

### တရားစွဲဆို

ရောဘတ်ရိုဒီစ်ဆိုသူ အမေရိကန် အရာရှိက သူမကို မူးယစ်ဆေးဝါး မှောင်ခိုသူတစ်ဦးအဖြစ် အထင်မှား၍ ယခုကဲ့သို့ ပြုမိပါသည်ဟု ဆိုသည်။ ၎င်းအရာရှိကို အမျိုးသမီးဇောင်အပေါ် အခွင့်အရေးချိုးဖောက်မှုဖြင့် ဇူလိုင် ၂၃ ရက်က တရားစွဲဆိုထားသည်။ အကယ်၍ အပြစ်ရှိကြောင်း တွေ့ရှိရလျှင် ရိုဒီစ်မှာ ထောင်ဒဏ် ၁၀ နှစ်အထိ ကျခံရဖွယ်ရှိသည်။

ကန့်ကွက်စာတွင် အမေရိကန် အရာရှိတစ်ဦးသည် အခြေခံ အချက်အလက်များကို စစ်ဆေးရန်ပင် အလေးမထားဘဲ အခြားနိုင်ငံသားတစ်ဦးကို နှိပ်စက်ကလူ ပြုပိုင်ခွင့် မရှိကြောင်းလည်း ဖော်ပြထားသည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# မိုဆူးလ်နှင့် ဘဂ္ဂဒက်တို့တွင် ကားဗုံးပေါက်ကွဲမှုများ ဖြစ်ပွား

ဘဂ္ဂဒက် ဇူလိုင် ၂၆

**အီရတ်နိုင်ငံမြောက်ပိုင်းနှင့် မြို့တော်ဘဂ္ဂဒက်တို့တွင် တနင်္လာနေ့က ကားဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ သုံးဦးသေဆုံးပြီး၊ ငါးဦးထက်မနည်း ဒဏ်ရာရရှိသည်။ ယခုဖြစ်ပွားသော ကားဗုံးပေါက်ကွဲမှုများသည် အီရတ်ကြားဖြတ်အစိုးရအဖွဲ့ ရင်ဆိုင်နေရသော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။**

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် အမေရိကန် ကုမ္ပဏီဖြစ်သော ဘက်ချ်တဲကုမ္ပဏီအတွက် သန့်ရှင်းရေးလုပ်သားများအဖြစ် အလုပ်လုပ်ကိုင်နေသော အမျိုးသမီးငါးဦးကို သေနတ်သမားတို့က ပစ်ခတ်ခဲ့ရာနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ယင်းအမျိုးသမီးများသည် အလုပ်ဆင်းရန်အတွက် ဘတ်စ်ကားတစ်စီးကို စောင့်ဆိုင်းနေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်ခံရစဉ် မိမိမှာ သေဆုံးသွားသည့်ပုံစံ ဟန်ဆောင်နေလိုက်သဖြင့် သေနတ်သမားများက မိမိအားပစ်ခတ်ခြင်း မရှိတော့ကြောင်း၊ လုပ်ဖော်ကိုင်ဖက် အမျိုးသမီးများ၏ သွေးဖြင့် မိမိပေကျံနေခဲ့ကြောင်း အသက်ဘေးမှ လွတ်မြောက်ခဲ့သူ အမျိုးသမီးဖြစ်သည့် ဇွန်တာဟာခါလီက ပြောကြားသည်။

### ဆက်တိုက်ပေါ်ပေါက်

အီရတ်နိုင်ငံတွင် ပြီးခဲ့သည့် ဇွန် ၂၈ရက်က အမေရိကန်ဦးဆောင်သော တပ်ဖွဲ့က အီရတ်ကြားဖြတ်အစိုးရအဖွဲ့ထံ အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေးအပ်ခဲ့ချိန်မှစ၍ ကားဗုံးခွဲတိုက်ခိုက်မှုများ၊ လုပ်ကြံမှုများနှင့် ပြန်ပေးဆွဲမှုဖြစ်ရပ်များ ဆက်တိုက်ပေါ်ပေါက်လျက်ရှိသည်။

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အမေရိကန်စစ်စခန်းတစ်ခု၏ အပြင်ဘက်၌ အသေခံ ထရပ်ကားဗုံးခွဲမှုဖြစ်ပွားခဲ့ကြောင်းအမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ ယင်းဗုံးကွဲမှုကြောင့် အီရတ်အမျိုးသမီးတစ်ဦးနှင့် သူမ၏ ကလေးငယ်တို့ သေဆုံးခဲ့ရသည်။ အမေရိကန် တပ်ဖွဲ့ဝင်သုံးဦးနှင့် အီရတ်လုံခြုံရေး ဝန်ထမ်းသုံးဦးတို့မှာလည်း ဒဏ်ရာရရှိပြီးနောက်ပိုင်းတွင် ဒဏ်ရာရရှိသူတစ်ဦး သေဆုံးသွားသည်။

### တိုက်ခိုက်

စိန်ပြောင်းကျည်များ တင်ဆောင်ထားသော ထရပ်ကားကို အသုံးပြု၍ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ စိန်ပြောင်းကျည်များ ပေါက်ကွဲခြင်းမရှိသဖြင့် ထိခိုက်မှု လျော့နည်းခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

***အင်တာနက်။***

ဇူလိုင် ၂၀ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အယ်လ်–ဒူရာဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားရာနေရာသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ရောက်ရှိလာစဉ်။ (ဓာတ်ပုံ–အင်တာနက်)



## အီရတ်မြောက်ပိုင်း၌ လမ်းဘေးဗုံး ပေါက်ကွဲ — အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၆

**အီရတ်နိုင်ငံ မြောက်ပိုင်းတွင် လောင်စာဆီတင် ယာဉ်တန်းအား စောင့်ကြပ်လိုက်ပါနေစဉ် လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

**အဆိုပါလမ်းဘေးဗုံးမှာ မိုဆူးလ်မြို့၏တောင်ဘက်မိုင် ၉၀ ခန့်အကွာရှိ ဘေဂျီမြို့အနီးတွင် စနေနေ့ နံနက် ၄ နာရီခန့်က ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကြည်းတပ် ပြောရေးဆိုခွင့် ရောဘတ်ပါဝဲလ်က ပြောကြားသည်။**

### ကြေညာခြင်းမရှိ

**ထိုပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိပြီး တပ်ဖွဲ့ဝင်တစ်ဦးမှာ စနေနေ့ နှောင်းပိုင်းက သေဆုံးခဲ့သည်။ သေဆုံးသူ တပ်ဖွဲ့ဝင်မှာ အမှတ်(၁) ခြေလျင်တပ်မမှဖြစ်ပြီး ၎င်းမည်သူမည်ဝါဖြစ်သည်ကို ချက်ချင်းထုတ်ပြန်ကြေညာခြင်း မရှိပေ။ အခြားတပ်ဖွဲ့ဝင်တစ်ဦးကို ဆေးရုံသို့ တင်ပို့ထားရပြီး အခြေအနေကောင်းမွန်မှုရှိသည်။**

**အဆိုပါတပ်ဖွဲ့ဝင် အပါအဝင် အီရတ်စစ်ပွဲ စတင်ခဲ့ချိန်နောက်ပိုင်း အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၀၄ဦး ရှိသွားပြီဖြစ်သည်။**

*အင်တာနက်။*

ဇူလိုင် ၂၅ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် အဆောက် အအုံတစ်ခု၏ တံခါးပေါက်ကို ဖျက်ဆီး၍ အတွင်းသို့ ဝင်ရောက်ရန် လုပ်ဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင် များအားတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့သို့ ထည့်ဝင်ရမည့်ငွေ အမေရိကန်အစိုးရ ဆိုင်းငံ့ထားမှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဝေဖန်



ကုလသမဂ္ဂ ဇူလိုင် ၂၇

**ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (ယူအင်အက်ဖ်ပီအေ)သို့ အမေရိကန်ကွန်ဂရက်က အတည်ပြုထားသည့် အမေရိကန်ဒေါ်လာ ၃၄သန်းကို မထည့်ဝင်သေးဘဲ ထိန်းချုပ်ထားရန် ဆုံးဖြတ်သည့် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့က ဝေဖန်ပြစ်တင်လိုက်သည်။**

**ပြောကြား**

ယူအင်အက်ဖ်ပီအေအနေဖြင့် မျိုးဆက်ပွားမှုဆိုင်ရာ ကျန်းမာရေးလုပ်ငန်းတွင် အထူးလိုအပ်သည်များကို လုပ်ကိုင်ဆောင်ရွက်ပေးနေကြောင်း၊ ၎င်း၏အဓိကတာဝန်တစ်ရပ်မှာ မိဘမဲ့ကလေးအများအပြားကိုဖြစ်ပေါ်စေသည့် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးပင် ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

**မျှော်လင့်**

နိုင်ငံအစိုးရများအနေဖြင့် ယူအင်အက်ဖ်ပီအေကို ထောက်ခံကြပြီး ယင်း၏ လုပ်ငန်းများအတွက် ရန်ပုံငွေ ထည့်ဝင်မှု မပြုရန်ဆုံးဖြတ်ထားခြင်းကို အချိန်ဆွဲထားမည် မဟုတ်ဟု မိမိ မျှော်လင့်ကြောင်းဖြင့် ကိုဖီအာနန်က ပြောဆိုသည်။

**ဆုံးဖြတ်**

အဓမ္မပဋိသန္ဓေတားမှုကို အားပေးနေသည်ဟုဆိုကာ ယူအင်အက်ဖ်ပီအေသို့ ထည့်ဝင်မည့်ရန်ပုံငွေများကို သုံးနှစ်ဆက်တိုက် ထိန်းချုပ်ထားရန် ဆုံးဖြတ်ထားကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက လွန်ခဲ့သည့်ရက်သတ္တပတ်ကကြေညာသည်။

**ကြေညာ**

အမေရိကန်အစိုးရ၏ စွပ်စွဲချက်မှာ အခြေအမြစ်မရှိကြောင်းဖြင့် ယူအင်အက်ဖ်ပီအေက ကြေညာသည်။ ဘတ်ဂျက် အကြောင်းပြချက်ကြောင့်မဟုတ်ဘဲ ရန်ပုံငွေ ထည့်ရန် ငြင်းနေသည့်နိုင်ငံမှာ အမေရိကန်တစ်နိုင်ငံတည်းသာရှိကြောင်းသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်နိုင်ငံတစ်ဝန်း၌ တိုက်ခိုက်မှုများ အရှိန်မြင့်တက်

**ဘဂ္ဂဒက် ဇူလိုင် ၂၆**

အီရတ်နိုင်ငံတစ်ဝန်းတွင် တိုက်ခိုက်မှုများ အရှိန်မြင့်တက်နေစဉ်မှာပင် ဘဂ္ဂဒက်မြို့မြောက်ဘက် ၃၅ မိုင်ခန့်အကွာ ဘူရစ်မြို့၌ တနင်္ဂနွေနေ့က အမြောက်ကြီးများ၊ ရဟတ်ယာဉ်များ၏ အကူအညီဖြင့် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက အီရတ်တိုက်ခိုက်ရေးသမား ၁၅ ဦးကို သတ်ပစ်ခဲ့ကြသည်။

တနင်္ဂနွေနေ့မှာပင် အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ဘဂ္ဂဒက်မြို့တွင် အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်အစိုးရလက်ထက်က တာဝန်ရှိပုဂ္ဂိုလ်ဟောင်းတစ်ဦးအား လုပ်ကြံခဲ့သည်။ ထို့အပြင် အီရတ်မြောက်ပိုင်း ရေနံမြေတည်ရှိရာ ကယ်ကွတ်မြို့တွင် ဖြစ်ပွားသော တိုက်ခိုက်မှုများ၌ လူငါးဦးကို ပစ်သတ်ခဲ့ကြသည်။

**ယူဆထား**

အီရတ်နိုင်ငံ၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အရေးပါသည့် ခြေလှမ်းအဖြစ် ယူဆထားသော သုံးရက်ကြာကျင်းပသည့် အမျိုးသားညီလာခံအတွင်း ဘဂ္ဂဒက်မြို့တွင် ကိုယ်စားလှယ်စတင်ရွေးချယ်နေချိန်နှင့် အဆိုပါ တိုက်ခိုက်မှုများ တိုက်ဆိုင်နေသည်။

ကြားဖြတ်ပါလီမန်အဖွဲ့ဝင် ၈၀ မှ ၁၀၀ အထိ ရွေးချယ်တင်မြှောက်မည့် အဆိုပါ ညီလာခံကို ယခု သီတင်းပတ်အတွင်း ကျင်းပရန် စီစဉ်ထားသည်။ အကြမ်းဖက်တိုက်ခိုက်မည်ကို စိုးရိမ်သည့်အတွက် ညီလာခံကျင်းပသည့် နေရာနှင့်နေ့ရက်အတိအကျကို ပြောကြားရန် ညီလာခံ စီစဉ်ကျင်းပသူများက ငြင်းဆန်သည်။

**ငါးနာရီကြာ**

တနင်္ဂနွေနေ့က ဘူရစ်မြို့၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားများအား စီးနင်းဝင်ရောက်ရှာဖွေမှုက အီရတ်ခုခံတိုက်ခိုက်ရေးသမားများကတစ်ဖက်၊ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက တစ်ဖက် ငါးနာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များအား တိုက်ခိုက်ရန် ခြေကုပ်ဒေသအဖြစ် အသုံးချဖွယ် ရှိသည်ဟု ယူဆရသော အဆိုပါမြို့၏ နေရာအနှံ့အပြား၌ အမေရိကန်နှင့် အီရတ် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်တို့က အီရတ်ခုခံတိုက်ခိုက်ရေးသမားများကို ရှာဖွေရာမှ ယင်းကဲ့သို့ တိုက်ပွဲဖြစ်ပွားခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်အရာရှိ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးနီကယ်အိုင်အိုဘရိုင်ယင်က ပြောကြားသည်။ ***အင်တာနက်။***




# ဆောက်လုပ်ရေးကုမ္ပဏီအကြီးအကဲ လုပ်ငန်းခွင်သို့ကားမောင်းလာစဉ် ပြန်ပေးဆွဲခံရ

**ဘဂ္ဂဒက် ဇူလိုင် ၂၆**

အီရတ်နိုင်ငံပိုင် ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခု၏ အကြီးအကဲတစ်ဦးသည် ဘဂ္ဂဒက်မြို့တောင်ပိုင်း ဆင်ခြေဖုံးဒေသရှိ နေအိမ်မှလုပ်ငန်းခွင်သို့ ကားမောင်းသွားစဉ် သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

၎င်း အကြီးအကဲမှာ ရက်အက်နန်မာမွတ်ဖြစ်ပြီး ဆောက်လုပ်ရေးကုမ္ပဏီညွှန်ကြားရေးမှူးဖြစ်သည်။ ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ပိုင်း ဇိုင်ယူနာဒေသရှိ လူစည်ကားရာ လမ်းမတွင် လက်နက်ကိုင်များက ၎င်း၏ကားကို ပိတ်ဆို့ပြီးနောက် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်းဖော်ပြပါပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အဗ္ဗဒယ်ရာမန်က ပြောကြားသည်။

အီရတ် အိမ်ရာစီမံကိန်းနှင့် အီရတ်တပ်မတော်သစ်အတွက် စစ်တန်းလျားများအပါအဝင်အီရတ်ဝန်ကြီးဌာနများ၏ ပြန်လည်တည်ဆောက်ရေးစီမံကိန်းအများအပြားကို အယ်လ်မန်ဆော့ ဆောက်လုပ်ရေး ကုမ္ပဏီကြီးက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ငှက်ဖျားရောဂါ သယ်ဆောင်သည့် ခြင်မျိုးစိတ်သစ် ကင်မရွန်းနိုင်ငံတောင်ပိုင်း ရွာတစ်ရွာ၌ တွေ့ရှိ

**ယာအိုယန်ဒီ ဇူလိုင် ၂၆**

လူအများ သေစေနိုင်သော ငှက်ဖျားရောဂါ ဖြစ်စေသည့် ကပ်ပါးကောင် သယ်ဆောင်နိုင်သည့် ခြင်မျိုးစိတ်သစ်ကို အာဖရိကတိုက် ကင်မရွန်းနိုင်ငံတောင်ပိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် ရှာဖွေတွေ့ရှိထားကြောင်း သုတေသီများက ပြောကြားသည်။

**လိုအပ်နေ**

ယခုအချိန်ထိ မည်သည့်အမျိုးအစားမှန်းမသိရသေးသော အဆိုပါ ခြင်မျိုးစိတ်သစ်ကို ဖော်ပြပါကျေးရွာတွင် တွေ့ရှိထားမှုက ကင်မရွန်းနိုင်ငံ၏ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးတွင် ပိုမိုအခက်အခဲ တွေ့လာနိုင်ဖွယ် ရှိကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍လည်း သုတေသန ထပ်မံပြုလုပ်ရန် လိုအပ်နေသေးကြောင်းဖြင့် သုတေသီများက ပြောကြားကြသည်။

**ဒဏ်ခံနိုင်စွမ်းရှိ**

၎င်းခြင်မျိုးစိတ်သည် ကင်မရွန်းနိုင်ငံတွင် တွေ့ထားသည့် အခြားမျိုးစိတ်ခြောက်ခုနှင့် ဆက်စပ်မှုရှိပြီး ယေဘုယျအားဖြင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဆေးဝါးများအား ဒဏ်ခံနိုင်စွမ်းရှိသည်ဟု ဆိုသည်။

ဂါဘွန်နှင့် ဂီနီနှစ်နိုင်ငံနယ်စပ်အနီး မြစ်နှစ်စင်းကြားဒေသတွင်တည်ရှိသည့် အိုဗန်ကျေးရွာအပါအဝင် ဒေသငါးခုမှ အနော်ဖလစ်ခြင်များ၏ပုံစံကိုလေ့လာပြီးနောက် ပြင်သစ်နှင့် ကင်မရွန်း သိပ္ပံပညာရှင်များအဖွဲ့က စူးစမ်းရှာဖွေရေးပြုလုပ်နေကြပြီဖြစ်သည်။

အိုဗန်ကျေးရွာမှ တွေ့ရှိခဲ့သည့် ခြင်မျိုးစိတ်နမူနာများသည် လက်ရှိတွေ့နေရသော ခြင်မျိုးစိတ်၏ သဘောသဘာဝနှင့် ခြားနားမှုရှိကြောင်း သိပ္ပံပညာရှင်တစ်ဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

**ရေးသား**

အနော်ဖလစ်ခြင်အုပ်စုမှ ခြင်ကောင်များသည် ငှက်ဖျားရောဂါ ဖြစ်စေပြီး အာဖရိကမြစ်ရိုးတစ်လျှောက်ရှိ ပြည်သူနေ့စဉ် ၃၀၀၀ ခန့်ကို သေဆုံးစေခဲ့သည်။ သိပ္ပံပညာရှင်များ၏ လေ့လာဆန်းစစ်ချက်များကို ဇူလိုင်လထုတ် ဆေးပညာဂျာနယ်တစ်ခုတွင် ရေးသားဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**ဇူလိုင် ၂၁ရက်က အီရတ်နိုင်ငံ ဒူလီအီယာမြို့ရှိ လမ်းတစ်လမ်းပေါ်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)





ဇူလိုင် ၂၆ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ရဲစခန်းတစ်ခုအနီးတွင် စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဇူလိုင် ၂၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဒုံးကျည်ထိမှန်ခံရမှုကြောင့် ဘဂ္ဂဒက်ဆေးရုံရှိ အထူးကြပ်မတ်ကုသဆောင် ပျက်စီးသွားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဇူလိုင် ၂၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ပြောက်ကျားများနှင့် ကန်တပ်ဖွဲ့တို့ အပြန်အလှန်ပစ်ခတ်မှုအတွင်း ဒဏ်ရာရရှိသော အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဇူလိုင် ၂၁ ရက်က ဘဂ္ဂဒက်အရှေ့ပိုင်းတွင် ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသူ ဆွေမျိုးသားချင်းတစ်ဦးအတွက် ပူဆွေးသောကရောက်နေသော အီရတ်အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ နိုင်ငံတကာ သတင်းများ



ဇူလိုင် ၂၁ ရက်က ဒူလီအီယာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသည့်လမ်းကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဇူလိုင် ၂၆ ရက်က မြို့တော်ဘဂ္ဂဒက်တွင် တိုက်ခိုက်မှုတစ်ခုအတွင်း ပျက်စီးသွားသော ဈေးဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဇူလိုင် ၂၇ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Mr. Rodolfo C. Severino အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော) (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၇

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ရထားလုပ်ငန်းများ လေ့လာရန် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အိန္ဒိယ သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။**

**ပို့ဆောင်နှုတ်ဆက်**

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ကြီး ချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများ ဖြစ်ကြသည့် သူရ ဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Rahul Kulshreshth၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူး ချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေး မှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစု များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြ သည်။ **(အောက်ဝဲပုံ)**

**အဖွဲ့ဝင်များ**

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့ နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင် ညွှန်ကြားရေးမှူး ဦးသန်းရီ၊ မြန်မာ့ မီးရထား အထွေထွေမန်နေဂျာ (စက်မှု/ လျှပ်စစ်) ဦးစိုးဝင်း၊ အထွေထွေ မန်နေဂျာ(မြို့ပြ) ဦးသီဟန်၊ နိုင်ငံခြား ရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲမြင့်နှင့် မြန်မာ့ မီးရထားမှ လက်ထောက် အထွေထွေ မန်နေဂျာ (ဆက်သွယ်ရေး) ဦးဘမြင့်တို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)



# အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန၌ ဟောပြော

ရန်ကုန် ဇူလိုင် ၂၇

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဒေါ်မေမေရီ တက်ရောက်၍ ရှင်းလင်းဟောပြောသည်။**

ဟောပြောပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်ထူးရော်၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် တာဝန်ရှိသူများ၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်း ဆွေ၏ ဇနီး ဒေါ်သီတာဝင်း၊ ဌာန ဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနအောက်ရှိ ဘဏ်များ၊ ဦးစီးဌာန များနှင့် လုပ်ငန်းများမှ အမျိုးသမီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။



**အလှူငွေပေးအပ်**

ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေး နှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေး ပုဂ္ဂိုလ် ဒေါ်ခင်သန်းဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မိသားစု၏ လှူဒါန်းငွေကျပ် သုံးသိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီသို့ ပေးအပ်သည်။ **(ဝဲပုံ)** (သတင်းစဉ်)

# ရန်ကုန်မိုးရေချိန်

**(၂၇-၇-၂၀၀၄)**

ရန်ကုန်မြို့လယ်
**၀ဒသမ၈၃လက်မ**

ကမ္ဘာအေး
**၀ဒသမ၃၁လက်မ**

မင်္ဂလာဒုံ
**၀ဒသမ၂၀လက်မ**

# သတင်းစာပညာ သင်တန်းသား၊ သင်တန်းသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လေ့လာ

ရန်ကုန် ဇူလိုင် ၂၇

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာ သင်တန်းအမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းမှူး ဦးညွှန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။**

ရှေးဦးစွာ သင်တန်းသား၊သင်တန်းသူ များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်း အောင်က စတူဒီယို(A)၌ ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အကြောင်းသိကောင်းစရာများကို ဗီဒီယို ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် သင်တန်းသား၊ သင်တန်း သူများသည် မြန်မာ့အသံနှင့် ရုပ်မြင် သံကြားရှိ စတူဒီယို(C)၌ ဇာတ်လမ်း ပမာ အသံသွင်းနေမှုကိုလည်းကောင်း၊ စတူဒီယို(D)၌ သီချင်းအသံသွင်းနေမှု ကိုလည်းကောင်း၊စတူဒီယို(၁)၌ သီချင်း ရိုက်ကူး ထုတ်လွှင့်ပြသမှုတို့ကို လည်း ကောင်း ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန သတင်း နှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူး ဖွင့်လှစ်သော သတင်းစာပညာ သင်တန်းအမှတ်စဉ် (၁/၂၀၀၄)မှ သင်တန်းသား၊ သင်တန်းသူများ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာကြစဉ်။**(သတင်းစဉ်)



# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၈-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၁၅ | ၄။ လက်စွမ်းပြဟန်ဂီတသံ |
| ၄:၂၀ | ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၃၀ | ၆။ မျိုးချစ်တပ်မတော် |
| ၄:၄၀ | ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ |
| ၄:၅၀ | ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၀၀ | ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** – Essentials of Valid Contract (ဒုတိယနှစ်-ဥပဒေပညာအထူးပြု) |
| ၅:၃၀ | ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၅:၄၅ | ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၆။ မြန်မာ့ရှုခင်း |
| ၆:၄၀ | ၁၇။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာရွှေအိုး (အပိုင်း-၁၉)** |
| ၈:၀၀ | ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၁။ လျှပ်တစ်ပြက်ရိုက်ချက် |
| | ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု |
| | ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် "အယောင်ဆောင် စွမ်းအားရှင်" (အပိုင်း-၄)** |
| | ၂၅။ သင့်အတွက်မနက်ဖြန် |
| | ၂၆။ အပိတ်နှုတ်ဆက်စကား |
| | ၂၇။ ပြီးပါပြီ။ |

# ိုင်ငံတော်ကို တည်ဆောက်နေ ညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းတပ်နယ်ခန်းမတွင် တပ်မတော် အရာရှိ၊ အရာခံ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ပိုမိုပိုလျှံအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကချင်ပြည်နယ်တွင် စိုက်ပျိုးလုပ်ကိုင်နိုင်သည့်မြေများ များစွာ ကျန်ရှိနေသေးသဖြင့် စပါးဇကေ ခြောက်သိန်း ထပ်မံတိုးချဲ့စိုက်ပျိုးရန် တာဝန်ပေးထားပြီးဖြစ်ရာ တာဝန်ပေးအပ်ထားသည့် ဇကေခြောက်သိန်း တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စီမံချက်များ ချမှတ်ပြီး ဖိဖိစီးစီးဆောင်ရွက်သွားကြရန် လိုကြောင်း။

**ကုန်ထုတ်အရင်းအမြစ်**

ကချင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သည့် သဘာဝကပေးထားသော ကုန်ထုတ်အရင်းအမြစ်များ





များစွာရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအပြင် သဘာဝကပေးထားသော ကုန်ထုတ်အရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြုပြီး ပြည်နယ်ကြီးတစ်ခုလုံး စီးပွားရေး သိသိသာသာ ဖြစ်ထွန်းတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ကချင်ပြည်နယ်တွင် တိုင်းရင်းသားများဖြစ်ကြသည့် ဗမာ၊ ဂျိန်းဖော၊ ရှမ်း၊ ရဝမ်၊ မရူ၊ လရှီး စသည်တို့သည် ရှေးပဝေသဏီကပင် အတူတကွ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့သဖြင့် လူမျိုးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုကလေးသဖွယ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ပြည်နယ်အတွင်း စုပေါင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကချင်ပြည်နယ်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စည်းရုံးကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ထို့အတူ ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်ခုတို့ဖြင့် ဖွဲ့စည်းဖြစ်တည်ပြီး ရှိနေသော ပြည်ထောင်စုကြီးကိုလည်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စုစည်းညီညာစွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသများသည် နိုင်ငံ၏ လူဦးရေအများစုနေထိုင်ရာ ဒေသများဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကျေးလက်၏ အခြေခံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**အမျိုးသားညီလာခံ**

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ရှေ့အနာဂတ်ကောင်းမွန်စေရေး၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ထာဝရရပ်တည်နိုင်ရေးတို့အတွက် ရေရှည်အကျိုးကို မျှော်မှန်းပြီး နိုင်ငံတော်ကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ဆောက်လျက်ရှိရာတွင် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေးတို့အတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပေးပြီး အမျိုးသားညီလာခံကြီး ကျင်းပဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပလျက်ရှိရာတွင် ပြည်တွင်း ပြည်ပက အဖျက်အမှောင့်အမျိုးမျိုးဖြင့် အနှောင့်အယှက် အဟန့်အတားများ ပြုလုပ်လျက်ရှိကြောင်း၊ မည်သို့ပင်ရှိနေစေကာမူ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်ကို သိရှိယုံကြည်ထားပြီးဖြစ်သဖြင့် ပြည်တွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အင်အားများကို ရယူကာယခုကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး အမျိုးသားညီလာခံကြီးကို ကျင်းပဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားပြည်သူများ၊ နိုင်ငံတော်၏ အစွန်အဖျားနယ်စပ်ဒေသရှိ တိုင်းရင်းသားများအပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူများက နားလည်သဘောပေါက်ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားကာ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**မြစ်ကြီးနားဆေးရုံ**

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ မြစ်ကြီးနားဆေးရုံအုပ်ကြီး ဒေါက်တာရင်ငြိမ်းနှင့် အထူးကုသမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုအုပ်၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ညွှန်ကြားချက်**

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တာဝန်ရှိသူများအား ဆေးရုံကြီး၏ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူများအား ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်မှုများပေးခြင်း၊ ရောဂါဖြစ်ပွားလာပါကလည်း လူနာများအား စေတနာထား ပြုစုကုသပေးခြင်းတို့ကို ဆောင်ရွက်ရန် မှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် မြစ်ကြီးနားမြို့မှ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေ

ရန်ကုန် ဇူလိုင် ၂၇

**ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနေပြီး ဟင်္သာတမြို့တွင် တစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေသည်။ အဆိုပါမြစ်ရေများသည် တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။**

**ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ရောက်ရှိနိုင်သည်။**

**ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ခုနစ်ပေခန့်၊ ကလေးဝမြို့တွင် ခြောက်ပေခန့်နှင့် မုံရွာမြို့တွင် နှစ်ပေခန့် စိုးရိမ်ရေမှတ်များအထက်တွင် တည်ရှိနေကြသည်။ အဆိုပါမြစ်ရေများသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။**



**ဇူလိုင် ၂၇ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး** H. E. Air Vice Marshal (Retd.) Altaf Hossain Choudhury **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ နှုတ်ဆက်စဉ်။** (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ပင်စိုက်ပွဲတော် တက်ရောက်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၇**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ သစ်စက်များ၊ အရောင်းဆိုင်များ၊ ပျိုးဥယျာဉ်နှင့် ကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးသည်။

ဝန်ကြီးသည် ဇူလိုင် ၂၅ရက် နံနက်ပိုင်းတွင် သာယာဝတီမြို့ရှိ သစ်ဆိုင်နှင့် ကြို့ပင်ကောက်မြို့ရှိ သစ်ဆိုင်များသို့ ရောက်ရှိစစ်ဆေးပြီး ပြည်သူများ သစ်ခွဲသားများ လွယ်ကူစွာ ဝယ်ယူရရှိရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။ ထို့နောက် အမှတ်(၈၇)သစ်စက်သို့ ရောက်ရှိရာ စက်ရုံရှေ့ခန်းမ၌ တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးသည် ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် ပြည်မြို့နယ် တုံးရေကြိုးဝိုင်းအတွင်း ပြုလုပ်သည့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်သည်။ အခမ်းအနားသို့ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးသည် ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ရှိ အမှတ်(၁၁၃)သစ်စက်၊ ကျောက်ဖူးရှိ အမှတ်(၂၃)သစ်စက်၊ ပေါင်းတည်မြို့ရှိ အမှတ်(၉၃)သစ်စက်ကိုလည်းကောင်း၊ နတ်တလင်းမြို့ရှိ အမှတ်(၃၀)သစ်စက်သို့ ရောက်ရှိစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)



**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြည်မြို့နယ် တုံးရေကြိုးဝိုင်းအတွင်း ကျင်းပသည့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်တွင် ကျွန်းပင်စိုက်ပျိုးပေးစဉ်။** (သစ်တောရေးရာ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၈-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ စလင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၃၅ ၈။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)
၅:၄၅ ၉။ သီချင်းကြီးပဒေသာ
၅:၅၅ ၁၀။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၆:၀၀ ၁၁။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆:၁၀ ၁၂။ Discovery.
၆:၁၅ ၁၃။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀ ၁၄။ ညနေခင်းသတင်း
၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၆။ မြန်မာစာမြန်မာစကား
၇:၂၀ ၁၇။ တေးဂီတအစီအစဉ်
၇:၃၅ ၁၈။ သာယာငြိမ်းချမ်း စိမ်းလန်းစိုပြည်ရန်ကုန်မြေ (အပိုင်း-၁)
၇:၄၅ ၁၉။ သစ်သီးဝလံပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ(မင်းဂွတ်)
၈:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ **ကောသလမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ "ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကြီး"(တတိယဆု) (မန္တလေးတိုင်း)(ပထမပိုင်း)**
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

❀ ကျောဖုံးမှ

ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလဝံသအား ဖူးမြော်ကြည်ညို ပြီး ကျန်းမာရေး အခြေအနေကို မေးမြန်းလျှောက်ထားသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရာဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလဝံသအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဒုတိယဝန်ကြီးများသည် ကချင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရာဒအမှူးပြုသော ဆရာတော် သံဃာတော်တို့အား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ဗလမင်းထင်တံတား

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့ကို ဧရာဝတီမြစ်အား ဖြတ်သန်းဆက်သွယ် ဖောက်လုပ်ထားသည့် ဗလမင်းထင်တံတားသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဗလမင်းထင်တံတားကြီး၏ မြစ်ကြီးနားမြို့နယ်ဘက်ကမ်းမှ ဝိုင်းမော်မြို့နယ်ဘက်ကမ်းအထိ ဗလမင်းထင်တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗလမင်းထင်တံတားကြီးပေါ်မှ ဧရာဝတီမြစ်၏ ရေစီးရေလာအခြေအနေ၊ တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးရေရှည်တည်တံ့ကြံ့ခိုင်ရေး၊ တံတားကြီးအနီးရှိ ဧရာဝတီအရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း မြစ်ရေတိုက်စားမှုမှ ကာကွယ်ရေးအစီအမံများ ကြိုတင်စီမံဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေရှိ တပ်ရင်းတပ်ဖွဲ့များသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး တပ်ရင်းတပ်ဖွဲ့များရှိ အိမ်ထောင်သည်လိုင်းများ၊ စိုက်ခင်းများ၊ တပ်တွင်းသက်သာဆိုင်နှင့် တပ်တွင်းကုန်စုံဆိုင်များအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က တပ်တွင်းသက်သာဆိုင်နှင့် တပ်တွင်း ကုန်မျိုးစုံဆိုင်တို့တွင် အများသုံး စားသောက်ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိရေး၊ ဈေးနှုန်းသက်သာချိုသာစွာ ဖြန့်ဖြူးရောင်းချပေးရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။

## တပ်မတော်ဆေးရုံ

မွန်းလွဲပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ရှိသူများလိုက်ပါလျက် မြစ်ကြီးနားမြို့ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) တပ်မှူး ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းက အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)၏ ဖွဲ့စည်းပုံ၊ ဆေးရုံအဆောက်အအုံများအကွက်ချပုံစံ၊ နှစ်အလိုက် ပြင်ပလူနာနှင့် အတွင်းလူနာများအား ဆေးဝါးကုသပေးမှု၊ ယခုလက်ရှိ ဆေးဝါးကုသပေးနေရသည့် ပြင်ပလူနာ၊ အတွင်းလူနာအခြေအနေနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အနာဂတ်ခိုင်မာရေး၊ ပြည်ထောင်စုကြီး အခွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးတို့အတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အမျိုးသားညီလာခံကြီး ကျင်းပ ဆောင်ရွက်နေပြီဖြစ်ရာ ယင်းမူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီး တစ်ဆင့် အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး၊ ဆေးဝန်ထမ်းများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ကျန်းမာရေးဆိုင်ရာ မူဝါဒဖြစ်သော နိုင်ငံသားတိုင်း ကျန်းကျန်းမာမာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် မိမိတို့ တတ်သိထားသည့် ဆေးပညာများဖြင့် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြရန်၊ အဓိကတာဝန်ရှိသည့် စစ်သည်နှင့်မိသားစုများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ပေးခြင်း၊ ရောဂါဖြစ်ပွားလာပါကလည်း စေတနာထားပြီး ကုသပေးခြင်းတို့ကို ဆောင်ရွက်ရေး၊ တိုးတက်ပြောင်းလဲလျက်ရှိသည့် ကမ္ဘာ့ဆေးပညာဘာသာရပ်များကို သိရှိနားလည်အောင် ဆည်းပူးလေ့လာပြီး လူနာများအား ပြုစုကုသပေးရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) ဆေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို တပ်မှူး ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းထံ ပေးအပ်သည်။

## ကြည့်ရှုအားပေး

ယင်းနောက် အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်သည် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)ရှိ အမျိုးသားလူနာ ဆေးကုသဆောင်၊ သွားဆေးကုဌာန၊ အရိုးနှင့် ခွဲစိတ်လူနာဆောင်၊ အမျိုးသမီးနှင့် ကလေးဆေးကုသဆောင်တို့၌ ဆေးဝါးကုသခံ လူနာများအား လှည့်လည်ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြစ်ကြီးနားမြို့ အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)တွင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)





## ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြစ်ကြီးနားမြို့ အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)အတွင်း ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၇-၇-၂၀၀၇)

| | | |
|---|---|---|
| မော်လမြိုင် | – | ၃ ဒသမ ၈၂ လက်မ |
| ရေး | – | ၃ ဒသမ ၁၁ လက်မ |
| ထားဝယ် | – | ၂ ဒသမ ၃၆ လက်မ |
| မြိတ် | – | ၂ ဒသမ ၃၂ လက်မ |





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် ပေါင်မြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# ပညာရေးကဏ္ဍတွင် ပြည်နယ်နှင့်တိုင်းအားလုံး ကွာဟမှုမရှိစေရန် စီမံဆောင်ရွက်လျက်ရှိ အခြေခံပညာကျောင်းများ၌ မာလ်တီမီဒီယာစာသင်ခန်းများ တည်ဆောက်ဖွင့်လှစ်နေ မျိုးဆက်သစ်လူငယ်များ နိုင်ငံတကာအဆင့်မီ နည်းပညာများ ထိတွေ့သင်ယူခွင့် ရရှိကြပြီဖြစ်

ရန်ကုန် ဇူလိုင် ၂၇

**ကရင်ပြည်နယ် ဘားအံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် ဘားအံမြို့မှ မွန်ပြည်နယ် ပေါင်မြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ပေါင်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ပေါင်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျောင်းရှေ့မျက်နှာစာ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အုန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာယုဝေတို့က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး Computer Aided Instruction၊ Computer Application and E-mail၊ Electronic Media (Audio System)၊ Video System စာသင်ခန်းများကို လည်းကောင်း၊ Audio Systemခန်း၌ ကျောင်းသား၊ ကျောင်းသူများက "စည်းလုံးခြင်းသည်အင်အား" သရုပ်ဖော်မှုကို အင်္ဂလိပ်ဘာသာစကားပြောဖြင့် သရုပ်ဖော် ပြသသည်ကိုလည်းကောင်း၊ ပန်းချီအနုပညာ၊ အိမ်တွင်းမှုနှင့် လက်မှုပညာခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့ဆောင်ရွက်ပြသမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်လာအောင် သင်ကြားပေးရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် စွမ်းရည်မြင့်မားသော ကျောင်းသား၊ ကျောင်းသူများဖြစ်အောင် လေ့ကျင့်ပညာပေးမွေးထုတ်ရေးတို့ကို အသေးစိတ် မှာကြားသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အင်ကြင်းရဂုံခန်းမ၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အဆို၊အကများဖြင့် ဖြေဖျော်ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အုန်းက မာလ်တီမီဒီယာ စာသင်ခန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာယုဝေက မာလ်တီမီဒီယာ စာသင်ခန်းများ ပေါ်ပေါက်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကျောင်းအတွက် မာလ်တီမီဒီယာ အထောက်အကူပြုပစ္စည်းများနှင့် စာအုပ်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

## လှူဒါန်းငွေ

ဆက်လက်၍ အလှူရှင်များ၏ ပညာရေး ပဒေသာပင်နှင့် ကျောင်းအတွက် ရေစင်နှင့်ရေပိုက်တပ်ဆင်ရန် အလှူငွေကျပ် ၄၄၅၀၀၀ကို ဦးဖုန်းမြင့်က ကျောင်းအုပ်ဆရာမကြီးထံ လှူအပ်လှူဒါန်းသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် မွန်ပြည်နယ် ပေါင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယခုကဲ့သို့ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်နိုင်သဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ ကိုယ်စားအနေဖြင့်လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမ ပြောကြားလိုပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး တစ်ခုလုံး အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးနေသကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း ပြည်နယ်နှင့်တိုင်းအားလုံးတို့၌ အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့်များအားလုံး ကွာဟမှုမရှိစေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုနည်းတူစွာ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၌ မာလ်တီမီဒီယာစာသင်ခန်းများ တည်ဆောက်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်နေခြင်းမှာ အမျိုးသားပညာရည် မြင့်မားလာစေရန်နှင့် အနာဂတ်၏ မျိုးဆက်သစ်လူငယ်များအား နိုင်ငံတကာအဆင့်မီ ခေတ်မီနည်းပညာများကို ထိတွေ့သင်ယူခွင့် ရရှိကြပြီး ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ကြစေရန် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းပင် ဖြစ်ကြောင်း။

## ဝိုင်းဝန်းကြိုးပမ်း

ထို့ကြောင့် ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများသည် မိမိတို့၏ ရင်သွေးများအား နိုင်ငံတော်က လိုလားသော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပညာရေးဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး ပေါင်–သထုံ ပြည်ထောင်စုကားလမ်းပေါ်ရှိ ရင်းငြိမ်တောင်ကျေးရွာ၌ ကျင်းပသော မိုးစပါးကွင်း ပြပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုးစပါးကွင်း ပြပွဲအခမ်းအနား၌ ပြသထားသော ပြည်တွင်းဖြစ် လယ်ယာသုံးစက်ကိရိယာများ၊ ပြည်တွင်းမှ ထုတ်လုပ်သော ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ပြည်တွင်းဖြစ် စိုက်ပျိုးရေးသုံးပစ္စည်းများကို ကျယ်ပြန့်စွာ အသုံးပြုရေး ဆော်ဩရန်အကြံပြုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုးစပါးကွင်းပြပွဲ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဒေသခံတောင်သူလယ်သမားများအား စိုက်ပျိုးနည်းစနစ် ပြသမှုများဖြစ်သော တိုက်ရိုက်အစေ့ချစိုက်ခြင်း ပြကွက်၊ အထွက်ကောင်းမျိုး ယှဉ်ပြိုင်မှုပြကွက်၊ ဒေသမျိုး(ရာသီစပါး) ယှဉ်ပြိုင်စမ်းသပ်မှုပြကွက်၊ ခေတ်သစ်ပျိုးထောင်စနစ် (SRI) စံပြ ပြကွက်၊ အရွက်အရောင်တိုင်းကတ် (LCC) အသုံးပြုစံပြကွက် ပြကွက်၊ မြေတွင်းအာဟာရလိုအပ်ချက် စမ်းသပ်ကွက် ပြကွက်၊ အနည်းလို အာဟာရများလိုအပ်မှု စမ်းသပ်ကွက် ပြကွက်နှင့် အီးအမ်ဘိုကာရှီအမျိုးမျိုး စမ်းသပ်ကွက် ပြကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မွန်ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

## စပါးနှင့်ငါး

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် စပါးခင်းများအတွင်းသို့ ငါးမျိုးများ ထည့်ပေးကြသည်။ စပါးစိုက်တောင်သူလယ်သမားများ စပါးနှင့် ငါးတို့ကို တစ်ချိန်တည်း စိုက်ပျိုးမွေးမြူနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးတစ်ဧကလျှင် ငါးကောင်ရေ ၅၀၀နှုန်း စိုက်ထည့်ပေးကြောင်း သိရသည်။

ထို့နောက် မိုးစပါးကွင်းပြပွဲ ယာယီမဏ္ဍပ်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စိုက်ပျိုးရေးကိစ္စရပ်များတွင် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် တောင်သူလယ်သမားများ စီးပွားဖွံ့ဖြိုးတိုးတက်၍ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် အလေးထားလျက် စိုက်ပျိုးရေးကဏ္ဍတွင် အဘက်ဘက်မှ ပံ့ပိုးပေးလျက်ရှိကြောင်း၊ မိရိုးဖလာ စိုက်ပျိုးရေးနည်းလမ်းများအတိုင်း ဆက်လက်လုပ်ကိုင်နေကြလျှင် စပါးထွက်သင့်သလောက် မထွက်နိုင်သဖြင့် စိုက်ပျိုးနည်းစနစ်များကို သုတေသန ပြုလုပ်၍ တောင်သူလယ်သမားများအား ပြသ၍ စိုက်ပျိုးစေခြင်းဖြစ်ကြောင်း၊ သို့မှသာ စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်လာပြီး တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိကာ လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ပြသသော စိုက်ပျိုးရေး နည်းစနစ်များအတိုင်း လုပ်ကိုင်ကြရန် တိုက်တွန်းလိုကြောင်း၊ ပန်းတိုင်အထွက်နှုန်းဖြစ်သည့် တစ်ဧက စပါးတင်း၁၀၀ ထွက်ရှိရေးအတွက် စိုက်စနစ် မှန်ကန်ပြီး အထွက်ကောင်းမျိုးများ အသုံးပြုခြင်း၊ လိုအပ်သော ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာတို့ကို စနစ်တကျ သုံးစွဲခြင်းတို့သည် အဓိကကျသဖြင့် တောင်သူလယ်သမားများ လိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း။

## ပန်းတိုင်အထွက်နှုန်း

မွန်ပြည်နယ်သည် မိုးစပါးနှင့် နွေစပါးဧက ၁၀ သိန်း စိုက်ပျိုးရန် လျာထားခဲ့ရာ မိုးစပါး ၈၃ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်ဟု သိရကြောင်း၊ ထို့ကြောင့် လျာထားချက် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် ပေါင်–သထုံလမ်းပေါ်ရှိ ရင်းငြိမ်တောင်ကျေးရွာ၌ ကျင်းပသော မိုးစပါးကွင်း ပြပွဲအခမ်းအနားတွင် ပြသထားသော ပြည်တွင်းဖြစ် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစဉ်။** (သတင်းစဉ်)





# တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်တောင်ပိုင်းခရိုင် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဇူလိုင် ၂၇

**ရန်ကုန်တောင်ပိုင်းခရိုင်အဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဇူလိုင်၂၆ရက် နံနက် ၇နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအနီးရှိ ဘုရားငုတ်တို စိုက်ပျိုးရေးပညာပေးစခန်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးကြသည်။** (အပေါ်ပုံ)

အခမ်းအနားသို့ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊တိုင်း၊ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံ တောင်သူလယ်သမားကြီးများ၊ အိုးစည်ဒိုးပတ်အဖွဲ့ဝင်များ၊ စပါးတိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် လယ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲဝင်များက စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည် ပြိုင်ပွဲဝင်ကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် စပါးကြခင်းပေါင်ပေါ် စိုက်ပျိုးထားသည့် စပါးခင်းများ၊ ကောက်စိုက်လုံမေများက စပါးပျိုးထောင် စိုက်ပျိုးနေမှု၊ စပါးကြိုးဆွဲ အတန်းလိုက်တိုက်ရိုက် မျိုးစေ့ချ စိုက်ပျိုးနေမှု၊ စပါးခင်းများ အတွင်း ရေကျောက်ခက်(ဘဇိုလာ) တိုက်ရိုက်မွေးမြူထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနက စိုက်ပျိုးပြီး စပါးခင်းများတွင် စပါးက ရွှေ၊ ငါးက ငွေ ဆောင်ပုဒ်အတိုင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ရွှေဝါငါးကြင်း၊ တီလားပီးယားနှင့် ငါးခုံးမ အစရှိသည့် ငါးမျိုးကောင်ရေ ၂၅၀၀၀၀ ကို စပါး စိုက်ဧက ၅၀၀ တွင် ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်း ခရိုင်အဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမြေစာရင်း ဦးစီးမှူး ဦးကြင်ထွန်း၊ တိုင်းစိုက်ပျိုးရေး မန်နေဂျာဦးအောင်ဆန်း၊ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်း၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးတို့က ဆုရရှိသည့် ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျောက်တန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တိုနှင့် ခရမ်း မြို့နယ်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မွေးမြူရေး လုပ်ငန်းရှင်များဖြစ်သည့် ဦးသိန်းထွန်း၊ ဦးငွေသောင်း၊ ဦးဝင်းကျော်နှင့် ဦးစောမြင့်ဆွေတို့က ထပ်ဆင့်ဂုဏ်ပြုဆုငွေ ကျပ်နှစ်သောင်းစီကို ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက တတိယဆုရရှိသည့် သုံးခွမြို့နယ်အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ မွေးမြူရေး လုပ်ငန်းရှင် ဦးသန်းလွင်က ဂုဏ်ပြုဆုငွေ ကျပ်သုံးသောင်းကိုလည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဒုတိယဆုရရှိသည့် တွံတေးမြို့နယ်အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ မွေးမြူရေး လုပ်ငန်းရှင် ဦးအုံးကြွယ်က ဆုငွေ ကျပ်သုံးသောင်းကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပထမဆုရရှိသည့် သန်လျင်မြို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က ဂုဏ်ပြုဆုငွေ ကျပ်သုံးသောင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ပန်းတိုင်အထွက်နှုန်း ရရှိသည့် စပါးမျိုးများကို တစ်နှံမှ တစ်ကွင်း၊ တစ်ကွင်းမှ တစ်နိုင်ငံ ခေါင်နှံဖြင့် တစ်ပိုင်တစ်နိုင် မျိုးသန့်များ ပွားများစိုက်ပျိုးနေသည့် နည်းစနစ်များကိုလည်းကောင်း၊ ပင်ပွားများ ရရှိစေရန် ခေတ်သစ်ပေါင်ပျိုးထောင်နည်းစနစ်ဖြင့် ပျိုးထောင်၍ အလွယ်တကူ ပြောင်းရွှေ့စိုက်ပျိုးသည့် နည်းစနစ်ကိုလည်းကောင်း၊ စပါး အထွက်နှုန်းကို စိုးမိုးနေသည့် မိတ်ဖက် အချက်များအား စံချိန်ပြည့်မီအောင် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း၊ စပါးပင်တွင် ကျရောက်တတ်သည့် ပိုးမွှားနှင့် ရောဂါများအား စနစ်တကျ ကာကွယ်နှိမ်နင်းရမည့် လုပ်ငန်းအဆင့်များကို လည်းကောင်း လက်တွေ့ပြသထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် စိုက်ပျိုးနည်းပညာများကို ဒေသခံ တောင်သူလယ်သမားများ တွင်တွင်ကျယ်ကျယ် အသုံးပြုလာစေရန် တာဝန်ရှိသူ အဆင့်ဆင့်က နည်းပညာများကို ပံ့ပိုးကူညီပေးကြရန် မှာကြားသည်။

ရန်ကုန်တောင်ပိုင်းခရိုင် အတွင်း မိုးစပါးဧက ၇၉၆၅၀၀ စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ယနေ့အထိ ဧက ၇၈၆၇၂၀ စိုက်ပျိုးပြီးဖြစ်သည့် အတွက် ၉၈ ဒသမ ၇၇ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပြီး ရေတော်မိုးတော် မိုးစပါး ၆၁၇၂၅၅ ဧက စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီး ထွန်တုံးပိတ်နိုင်ကာ ကျန်သည့် ရေကျနောက်စိုက်စပါး များကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တွံတေးမြို့နယ် ဘုရားငုတ်တိုကျေးရွာအနီး၌ တွံတေးတူးမြောင်းကိုဖြတ်၍ တွံတေး တံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တွံတေးတံတား တည်ဆောက်ရေးဆိုင်ရာ စီမံကိန်း အချက်အလက်များ၊ လုပ်ငန်းစတင် ဆောင်ရွက်နေမှု၊ စက်ယန္တရားကြီးများနှင့် ပစ္စည်းများ စုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် တွံတေးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြသည်။

စပါးကရွှေ ငါးကငွေ

လယ်ယာသားငါး ပြည့်စီးပွား

## နဝင်းကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူညာဏရပ်ကွက် ရွှေနံ့သာကျေးရွာ နဝင်းကျောင်းတိုက်ကြီး၌ နဝင်းဆရာတော် အရှင်ခေမာစာရအား အမှူးထား၍ တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ၁၃၆၆ ခု ဒုတိယဝါဆိုလဆန်း ၁၄ ရက်(ဇူလိုင် ၃၀ရက်) နံနက် ၈ နာရီတွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ စတင်ပြီး လပြည့်နေ့(ဇူလိုင် ၃၁ ရက်) စနေနေ့ နံနက် ၉နာရီတွင် ဆရာတော်ကြီးများအား (၇)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

## အရိယာမဂ္ဂင်ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနန္ဒိယအား အမှူးထား၍ တပည့်ဒါယကာများက ကျောင်းရှိ သံဃာ၊ ပင့်သံဃာတော်အပါး ၁၀၀ တို့ကို ဇူလိုင် ၃၁ရက်တွင် ဝါဆိုသင်္ကန်း ဆက်ကပ်မည်ဖြစ်သည်။ ပစ္စည်းလေးပါး ဆက်ကပ်လိုသူများ အဆင်ပြေစေရန် ကျောင်းတိုက်မှ စီစဉ်ထားပြီး ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း နေ့စဉ်သုံးကြိမ် တရားတော်များ ဟောကြားမည်ဖြစ်သည်။ ဝါဆိုသင်္ကန်း ဆက်ကပ်လိုသူများ ကျောင်းတိုက်အကျိုးတော်ဆောင်များဖြစ်သည့် ဦးခင်မောင်စိုး၊ ဦးဟုတ်ဝင်း၊ ဦးမင်းစိုးမင်းသူ၊ ကျောင်းတိုက် ကျန်းမာရေးတာဝန်ခံ ဦးထွန်းသူရအေးတို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## မော်လမြိုင် ရွှေတောင်ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇူလိုင် ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆို လပြည့်နေ့ (ဇူလိုင် ၃၁ရက်)တွင် ယင်းကျောင်းတိုက် စတုတ္ထထပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက သာသနာပြုနယ်လှည့် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တဝိမလက နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ချီးမြှင့်တော်မူမည်ဖြစ်သည်။ (က-ပ)

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ဒလမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၌ တက်ရောက်ကုသနေသည့် လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားကာ တစ်ဦးချင်း ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ဒလမြို့ ပြည်သူ့ဆေးရုံအတွင်း ခွဲစိတ်ခန်း၊ ဆေးပစ္စည်းစတိုခန်းနှင့် သားဖွားခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒလမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် စိုက်ထူရန် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ခံ ဆရာဝန် ဒေါက်တာခင်မောင်တင့်က လက်ခံသည်။

(သတင်းစဉ်)



**ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးခင်ဇော်နှင့် အဖွဲ့ဝင်များက ဘန့်ဘွေးကုန်း ရေလှောင်တမံသို့ ငါးကောင်ရေ သိန်း ၂၀ ကို စိုက်ထည့်ကြစဉ်။** (မြို့နယ်ပြန်/ဆက်)

## ကာယအလှမယ်ပြိုင်ပွဲ မြောင်းမြမြို့၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**

ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်းဆောင်ရွက်သော ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇူလိုင်၁၇ ရက် ည ၇ နာရီတွင် မြောင်းမြမြို့ နောင်ရိုးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း ကာယမောင်နှင့် ဧရာဝတီတိုင်း လက်ရွေးစင် အေရိုးဗစ်အားကစားများ၊ တေးဂီတဖျော်ဖြေမှုများနှင့် တင်ဆက်ပြီး ကာယအလှမယ်ပြိုင်ပွဲကို ကျင်းပရာ အိမ်ထောင်ရှင် ကာယအလှမယ် ပထမဆုရ မတင်ချိုလတ် (မရမ်းကုန်းနယ်မြေ)နှင့် အပျိုစင် ကာယအလှမယ် ပထမဆုရ မခင်သက်မွန်ဝင်း (ဘုရားချောင်းနယ်မြေ) တို့အား မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီး ဒေါ်နွဲ့နွဲ့ဝင်းက ဂုဏ်ပြုဆုချီးမြှင့်သည်။ **(ဝဲပုံ)**

(သတင်းစဉ်)



## ဗိသုကာရွှေရတုအကြို သက်ကြီးပူဇော်ပွဲ

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၀၄ ခုနှစ်တွင် ကျရောက်သော မြန်မာနိုင်ငံ ဗိသုကာပညာနှစ် (၅၀)ပြည့် ရွှေရတုကို ကြိုဆိုသောအားဖြင့် ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဘုရင့်နောင်လမ်း Lion City Restaurant ခန်းမ၌ ဗိသုကာ ဆရာကြီးများ၊ သက်ကြီးဗိသုကာများအား ပူဇော်ကန်တော့ကြမည် ဖြစ်သည်။ ဆက်လက်၍ ဗိသုကာ ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပြဇာတ်၊ အငြိမ့်တို့ဖြင့် ဖြေဖျော်၍ ညစာစားပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ဗိသုကာများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

## ပြန်ကြားရေးဝန်ကြီးဌာန

### သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| 1. | **Web Offset Ink** | | |
| | **(1) Black** | **15000** | **kg.** |
| | **(2) Yellow** | **1000** | **kg.** |
| | **(3) Red (Magenta)** | **1000** | **kg.** |
| | **(4) Blue (Cyan)** | **1000** | **kg.** |
| 2. | **Sheetfed Offset Ink** | | |
| | **(1) Black** | **3000** | **kg.** |
| 3. | **P/S Negative Plates** | | |
| | **(1) 915x626x0.3 mm** | **1000** | **Shts.** |
| | **(2) 889x586x0.3 mm** | **4000** | **Shts.** |
| | **(3) 685x745x0.24 mm** | **600** | **Shts.** |
| | **(4) 650x550x0.24 mm** | **4050** | **Shts.** |

၂။ တင်ဒါပေးသွင်းမှုကို ၁၀-၈-၂၀၀၄ ရက် ၁၆:၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါ လိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုတ်ခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်-၂၂၈၊သိမ်ဖြူလမ်း၊ရန်ကုန်မြို့။**
**ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နေ
ဦးစောမောင်မောင်-(ဒေါ်တင်တင်မာ) တို့၏သားထွေး
**ဗိုလ်ကြီးမောင်မောင်ထွေး (B.A History)**
နှင့်
ရန်ကုန်မြို့၊ အလုံမြို့နယ်နေ
ဦးလှဝင်း(မင်းထိပ်တင်ပွဲရုံ)-ဒေါ်ညိုညိုတင်(တရားရုံးချုပ်ရှေ့နေ)
တို့၏တစ်ဦးတည်းသောသမီး
**မယုနန္ဒာဝင်း ဒုတိယနှစ်(မြန်မာမှု)**
**B.Sc (Engineering), I.T (First year), E.C (Level II), Diploma in I.C.T (Y.U)**

တို့၏ ၂၅-၇-၂၀၀၄ ရက်တွင် မြရိပ်ညိုဟိုတယ်၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာအခမ်းအနားတွင် စေ့စပ်လက်စွပ် ဆင်မြန်းပေးသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ လူကြီးမင်းများနှင့် မြရိပ်ညိုဟိုတယ်မှ ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမောင်မောင်ထွေး-မယုနန္ဒာဝင်း။**

## အခြေခံပညာကျောင်းများဝမ်းမြောက်ဖွယ်

**STAR LIGHT**
Ph: 534457



## အမည်ပြောင်းခြင်း

ဦးစိန်အောင်-ဒေါ်အေးအေးဆွေတို့၏ သမီး မလင်းသီရိအား ယနေ့မှစ၍ မရွှန်းလဲ့ရည်မိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မရွှန်းလဲ့ရည်မိုး။**

## ပုစွန်မွေးမြူရေး နည်းပညာပေးမည်

**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းမှ ရေချိုပုစွန် မွေးမြူလိုသူများအား ပုစွန်သားဖောက်၊ ပုစွန်အစာ၊ နည်းပညာနှင့် အကြံဉာဏ်များပေးမည် ဖြစ်၍ အမှတ် (၆၉) ဒုတိယထပ် (209A-209B) ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့် ဗဟန်းမြို့နယ် ရန်ကုန် ဖုန်း-၅၅၉၈၄၉သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(က-ပ)

## ရန်ကုန်တိုင်းစာရင်းရုံး ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှဖွင့်လှစ်မည့် အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ် (၂၁)တက်ရောက်ရန် လျှောက်လွှာများခေါ်ယူခြင်း

**Basic Accounting Course**
**(For 2004 October Exam;)**

| | |
|---|---|
| ၁။ သင်တန်းဖွင့်မည့်ရက် | - (၂-၈-၂၀၀၄) |
| ၂။ သင်တန်းဖွင့်လှစ်မည့်နေရာ | - ရန်ကုန်တိုင်းစာရင်းရုံး၊ အမှတ်-၂၂/၃၄၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။ |
| ၃။ သင်တန်းချိန် | - တန်းခွဲ(၁)နှင့် (၂)တနင်္လာနေ့မှ သောကြာနေ့အထိ(ရုံးချိန်ပြင်ပ) တန်းခွဲ(၃)နှင့်(၄) စနေ၊တနင်္ဂနွေနေ့ |
| ၄။ သင်တန်းကာလ | - (၃)လ |
| ၅။ အနိမ့်ဆုံးပညာအရည်အချင်း | - အခြေခံပညာအထက်တန်း (က)အဆင့်အောင်၊ တက္ကသိုလ်ဝင်တန်းအောင် |
| ၆။ လက်ခံမည့်သင်တန်းသား/သူဦးရေ | - တန်းခွဲ(၁)ခု(၅၇)ဦးစီ |
| ၇။ လျှောက်လွှာစတင်ရောင်းချမည့်ရက် | - (၉-၇-၂၀၀၄) |
| ၈။ ဆက်သွယ်စုံစမ်းရန် | - ရန်ကုန်တိုင်းစာရင်းရုံး၊ စီမံရေးရာဌာန။ ဖုန်း-၃၇၁၆၉၇၊ ၃၇၁၅၉၄။ |

**(သိန်းထွန်း)**
**တိုင်းစာရင်းစစ်အရာရှိ။**

**KHiND ခင်ကမ္ဘာ**
Electrical Home Appliances
ShowRoom & Service Centre ☎: (01) 380475, (01) 240935,(01) 700904

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင် မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒဘာသာနှင့်ဓာတုဗေဒ ဘာသာများပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသောတိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ် စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်း စစ်ဌာနချုပ် တည်ရှိသည့် မြို့များ၌ **၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့**တွင် စတင်ဖြေဆိုကြ ရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့် အချိန်ကိုသတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ် အတိုင်း ဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက် အစစ်ဆေး ခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့ သွားမည်။

၁၁။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာ တင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်–

(က) အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့ တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ အသက်(၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါ စိတ်ကြိုက်ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများ ဖြစ်ရမည်–

(၁) **တပ်မတော်ဆေးတက္ကသိုလ်။** ရူပဗေဒ၊ဓာတုဗေဒ နှင့်ဇီဝဗေဒ ဘာသာ တွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ ပါဝင် သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူ နိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့်**စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင် များသာ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုး ညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်–

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်း စစ်ဌာနချုပ်တည်ရှိသည့်မြို့၌ အောက်ဖော်ပြပါ နေ့ရက်များအတိုင်းစတင်ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆို ရမည့် နေရာ နှင့် အချိန်ကို သတင်းစာ မှ ကြော်ငြာ ပေးမည်–

(က) **တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည် အချင်းစစ် စာမေးပွဲ ဖြေဆို ရမည့်ရက်** (၁၉–၉–၂၀၀၄)

(ခ) **တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်** (၂၀–၉–၂၀၀၄)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာလျှောက်လွှာတွင် ဖော်ပြထားသည့်ခုံအမှတ်အတိုင်း ဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့ သွားမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန် မကန် ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာ များနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာ များအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

**SoftGuide Computer**

- Microsoft Office XP
- Graphic Design
- D.T.P
- Turbo C++
- Visual Basic
- Auto CAD
- Special Course for Kid's
- Computerized Accounting (ACCPAC) (Peachtree)

382180, 09-88-23762

## (၁၀) နှစ်မြောက် မွေးနေ့မင်္ဂလာဆုတောင်း

A.P. Moller, Singapore

## 119 STORE

(CPA , B.Com, B.A (Eco), LCCI Level-II& III ...)

119 ...

## လေအေးပေးစက် အင်ဂျင်နီယာဖြစ်နိုင်သည့် အခွင့်အရေး

**စတင်သင်ကြားမည့်ရက်** – ၁-၈-၂၀၀၄

**သင်တန်းသားဦးရေ** – ၂၀ဦး

**သင်တန်းအမျိုးအစား** – အခြေခံပညာ အထက်တန်းအဆင့်ရှိသူများ တက်ရောက်နိုင်ပြီး မော်ဂျူး(၁)နှင့်မော်ဂျူး(၂) သင်တန်းကာလ လေးလပြီးဆုံးပါက City & Guilds (UK)မှ Level-3 အဆင့် Diploma ရရှိမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်** – Novel Win Engineering Centre
အမှတ်(၇)၊ မြေညီ၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်။

## ထူးထူးခြားခြား မြတ်ဗုဒ္ဓနှင့် ဆုံတွေ့ခဲ့ရသည့် ပုဂ္ဂိုလ်ထူးများ

ထွက်ပါပြီ။

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုသန်းလွင် [၁၃/ကလန(နိုင်)၀၀၀၁၆၈]၏ ရန်ကုန်တိုင်း ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယတန်း ရေယာဉ်အုပ်လက်မှတ်မူရင်း အမှတ် (၁၃၂/၄၈)ပျောက်ဆုံးနေပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း–၆၉၉၄၅၈။

## လေလံကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်မှ အသုံးမလိုသော အောက်ပါစက်လှေ(၃)စင်းကို လေလံတင်ရောင်းချမည်ဖြစ်ပါသည်–

| စဉ် | လှေအမည် | အတိုင်းအတာ | အင်ဂျင် | မြင်း | ထားရှိနေရာ |
|---|---|---|---|---|---|
| ၁။ | ဆီသယ်လှေ | ၅၇x၁၁x၄ | ဟီးနိုး | ၁၀၀ | သစ်တောဘိုင် |
| ၂။ | ကုန်တင်လှေ | ၆၅x၁၄x၄.၅ | ဟီးနိုး | ၂၈၀ | မော်စက် |
| ၃။ | ပဲ့ချိတ်စက်လှေ | ၃၅x၅x၃ | အေ–၁ | ၅.၅ | သစ်တောဘိုင် |

၂။ ၎င်းလှေများကို အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချရန်။

(က) **လေလံတင်မည့်ရက်/အချိန်** – ၃၀-၇-၂၀၀၄(၀၉:၃၀)နာရီ

(ခ) **လေလံတင်မည့်နေရာ** – ၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်

(ဂ) လေလံစည်းကမ်း၊ လေလံဆွဲဝယ်သူသည်–

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊ နိုင်ငံသားစိစစ်ရေးကတ်ယူလာရမည်။

(၂) လှေ(၁)စင်းချင်း စပေါ်ငွေကျပ်(၁၀)သိန်းတင်နိုင်ရန်။

(၃) လေလံအောင်သူသည် လေလံဆွဲသည့်နေ့တွင် ငွေတစ်ဝက်ကိုပေးချေ၍ ကျန်ငွေကို(၃)ရက်အတွင်း အပြီးပေးချေရမည်။

**လေလံရောင်းချရေးအဖွဲ့**
**ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်**
**ဖုန်း–၂၉၁၆၉၇။**




## ကုမ္ပဏီပြောင်းရွှေ့ဖွင့်လှစ်ခြင်း

IDEMITSU

Top Three Co., Ltd ၏ ရုံးသစ်ကို အောက်ပါလိပ်စာအတိုင်း (၁-၈-၀၄)ရက်နေ့မှ စ၍ စတင်ပြောင်းရွှေ့ဖွင့်လှစ်မည် ဖြစ်ပါသည်။

**ပြောင်းရွှေ့မည့်လိပ်စာ**

မြေအမှတ် (32-N)
၃၂ရိပ်သာ၊ မိုးမိုင်းခွဲ၊ ပြည်လမ်း၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Tel : 95-1-247520, 539404 Fax : 95-1-539404
E-mail : topthree@myanmar.com.mm

## CAREER OPPORTUNITIES

PUN HLAING INTERNATIONAL HOSPITAL
YANGON



(FOR LOCAL SERVICE ONLY)

Pun Hlaing International Hospital is now seeking energetic and highly motivated individuals for the following positions:

**Managers For Nursing Division (5 Pos.)**
(Operation Theatre / In-Patient Wards/ Out-Patient Departments and Intensive Care Unit)
Male or Female - Bachelor of Nursing Science or Diploma in Nursing

**Manager-Medical Records Department (1 Pos.)**
Male or Female - Management experience preferably in a hospital Medical Records Department
Skilled in Office Management and Filing Systems

**Manager - Pharmacy Department (1 Pos.)**
D.P.M.S (Pharmacy) or B Pharm
Male or Female - Experience in administrative level of Hospital Pharmacy

**Manager - Laboratory Department (1 Pos.)**
D.P.M.S (Medical Technology) or B.P.Sc (Medical Technology)
Male or Female - Experience in administrative level of Hospital and Clinical Laboratory

**Manager - Imaging Department (1 Pos.)**
D.P.M.S (Radiography) or B.P.Sc (Radiography)

**Manager - Physical Therapy Department (1 Pos.)**
D.P.M.S (Physiotherapy) or B.P.Sc (Physiotherapy)
Male or Female - Experience in supervisory level of Hospital and Clinical Physiotherapy

**Manager - Food & Beverage Department (1 Pos.)**
To set up and manage the F&B Department of the hospital
Male or Female - Experience in restaurant management and in related field

**Purchasing Officer (1 Pos.)**
Science graduate with experience in purchasing of medical and general supplies
Male or Female - Age between 30 - 45 years.

**Operation Officer (Support Division) (1 Pos.)**
Male or Female - Engineering Graduate with management experiences
To oversee and assist in the set up of departments like plant operations

**Human Resources Executive (1 Pos.)**
Graduate with relevant experience in related field.
Male or Female - Age between 30 - 45 years

**ALL CANDIDATES MUST POSSESS :**

- Minimum 3 - 5 years experience in each field.
- Computer Proficiency (MS Word/ Excel/ PowerPoint)
- M.B.B.S and/ or MBA would be an advantage
- Fluent in the Myanmar
- Good command in both oral and written English
- Strong leadership and interpersonal skills

Applicants can send their CVs with 2 recent passport photos, copy of certificates labour registration and all relevant certificates to the following address :

**Human Resources Department**
Pun Hlaing International Hospital
FMI Centre, 6th Floor, No. 380 Bogyoke Aung San Rd, Pabedan Township, Yangon
Email : admin.phih@sps.com.mm

QUALITY HEALTH CARE

## မြန်မာ့ဘောင်း ...

## ပုဇင်

teen magazine

# 22, August, 2004

ထွက်ပါပြီ

## သွားမကြာခဏသွေးယိုသော ဝေဒနာရှင်များဝမ်းမြောက်ဖွယ်

မမွှေ့ဒူတစာစဉ်(၁)
မမွှေ့ဒူတအရှင်ပညိဿရ
(ဓမ္မာစရိယ၊ ဘီအေ၊ အမ်အေ)
တရားနဲ့နေပါ (ဒုတိယအကြိမ်)
စာမူခွင့်ပြုအမှတ်-၃၇၁/ ၂၀၀၄(၆)
ဖြန့်ချိရေးအမှတ်-၉၆/D၊ ၅၂လမ်းအလယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၄၅၉၀၊ ၂၄၆၂၇၀။



## ပြည့်စုံသွားဘက်ဆိုင်ရာ

မျက်နှာ-မေးရိုး-သွား-ခံတွင်း
ကျန်းမာရေး ဆေးကုသမှုလုပ်ငန်း
၂၈၊ ဇောတိကလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၂၁၉၆
နေ့စဉ်နံနက်၉-ည၉နာရီထိ(အစိုးရရုံးပိတ်ရက်အပ)ဖွင့်ပါသည်။



















## အမည်ပြောင်းခြင်း

အဘဦးညီညီလွင်၏သား အထက (၁)လသာ VIII(C) မှ အောင်ငြိမ်းချမ်းအား မောင်အာကာဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အာကာဖြိုး။**

## အမည်ပြောင်းခြင်း

အဘ ဦးလှသန်း၏သမီး မအိသန္တာသန်း Grade-3(A)၊ အထက (၃) မင်္ဂလာတောင်ညွန့်အား မမိုးသက်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မမိုးသက်ပိုင်။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်လောက်ဟယ်၏ နိုင်ငံကူး လက်မှတ် အမှတ်-၃၃၄၁၅၅ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၃၇၇၂၈၄။**

## နှစ်ချုပ်ဖြင့်ငှားမည်

300' x 100' ပေါ်ရှိ 30' x 40' RC နှစ်ထပ်တိုက်သစ် ၁၅၀၀၀၀ိ/-

**ဖုန်း-၆၆၄၂၄၃။**

## တိုက်ခန်းရောင်းမည်

မြေနီကုန်း(မြောက်)၊ ဇောတိကလမ်း၊ ၁၅' x ၆၈'၊ မြေညီ၊ H.T ကိုယ်ပိုင်ရေ၊မီး။ မီးဖို၊ အိမ်သာ၊ ရေချိုးခန်း၊ ကြွေပြားခင်း၊ကပ်။ ပြည်လမ်းနှင့်အလွန်နီး။ **ဖုန်း-၅၀၃၀၈၈။**



## အရေးကြီးတဲ့ကိစ္စရှိရင်လာခဲ့ပါ

- အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါတယ်။
- ထိရောက်ထက်မြက်သော ယတြာများကိုသာ ဆောင်ရွက်ပေးပါတယ်။

**ခင်မျိုးတင့်(မြန်မာ့ဗေဒင်နဝင်းစီးပညာ)**
**အခန်း-(၄)၊ အနောက်ဘက်မုခ်၊**
**မဟာဝိဇယစေတီ၊ ရန်ကုန်။**






## ဝမ်းနည်းကြေကွဲခြင်း

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း-ဒေါ်မာမာရှိန်တို့၏ မိခင် ဒေါ်အေးသင်(ခ)မမေသဲ(မော်ကျွန်း) အသက်(၇၀)သည် ၂၃-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်တောင်၊ ဒေါက်တာစံလှိုင်၊ဒေါက်တာအောင်ကျော်မင်း၊**
**ဦးမြင့်သောင်း၊ ဦးကျော်ညွန့်အောင်၊ ဦးသန်းမင်း၊**
**ဦးသောင်းတင်အောင်။**



## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ကျင်ရှူ

**အသက်(၈၄)နှစ်**

**မော်လမြိုင်မြို့**

ဦးအောင်မြတ်ကျော်(Managing Director -Sandoway Resort)- ဒေါ်သီသီမင်း(Executive Director-Marine Transport Services Co.,Ltd) တို့၏အဘွား ဒေါ်ကျင်ရှူသည် ၂၂-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Sandoway Resort Ngapali Beach မှ ဝန်ထမ်းများ။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဈ/၂၉၄၈ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ရန်ကုန်တိုင်း။**

## စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။**




## အမွေခံထိုက်သော သားအဖြစ်မှစွန့်လွှတ်ခြင်း

(ဦးခင်မောင်)နှင့်ဒေါ်သောင်းရင်တို့၏သားဖြစ်သူ မောင်သန်းထွဋ်[၈/ခမန(နိုင်)၀၀၇၆၆၂]သည် မိခင်၏စကားနားမထောင်ဘဲ မိဘဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို ပျက်စီးအောင် ဆောင်ရွက်နေပါသဖြင့် ၎င်းအားယနေ့မှစ၍ မိဘအမွေမခံထိုက်သော သွားနုတ္တသားအဖြစ် ကြေညာပြီးလျှင် အမွေခံထိုက်သော သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။

**ဒေါ်သောင်းရင်(စလေ)**
**[၈/ခမန(နိုင်)၀၀၇၆၉၄]**
**ခေတ္တ-တိုက်(၆၀)၊ အခန်း(၃)**
**စံပြ၊ ဖဆပလရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်းအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း Mr. Rodolfo C.Severino အား ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် Mr. Rodolfo C.Severino နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme. Phoebe A.Gomez လည်း တက်ရောက်သည်။ (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Mr. Rodolfo C. Severino အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ ဗလမင်းထင် တံတားကြီးပေါ်မှ ဧရာဝတီမြစ်ရေ စီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗလမင်းထင်တံတား ကြံ့ခိုင်မှုကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၅ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက်သို့ ရောက်ရှိကြသည်။

ရှေဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဝန်းသိုကျောင်းတိုက် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❀

# အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်း ဖွဲ့စည်းလေ့ကျင့် မြန်မာ့လက်ရွေးစင်အသင်းကို အထောက်အကူပြုမည်

**သတင်းဆောင်းပါး–ညီညီစိုးညွန့်၊ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)**

ရန်ကုန် ဇူလိုင် ၂၇

**ဩဂုတ်လ ပထမပတ်နှင့် ဒုတိယပတ်တို့တွင် မြန်မာနိုင်ငံ၌ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲ ငါးပွဲ ကျင်းပမည်ဖြစ်သည်။ အဆိုပါခြေစမ်းပွဲများတွင် L.G ဖလား ဘောလုံးပြိုင်ပွဲဝင်မည့် ပဏာမလက်ရွေးစင်အသင်းက သုံးပွဲ၊ အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းက နှစ်ပွဲ ခြေစမ်းကစားကြမည်ဖြစ်သည်။**

ကစားမည့်ရက်များမှာ ဩဂုတ် ၃ရက်တွင် ပဏာမလက်ရွေးစင်အသင်းနှင့် အနောက်ဘင်္ဂေါ(အိန္ဒိယ)၊ ၅ရက်တွင် အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းနှင့် အနောက်ဘင်္ဂေါ(အိန္ဒိယ)၊ ၇ ရက်တွင် ပဏာမလက်ရွေးစင် အသင်းနှင့် အနောက်ဘင်္ဂေါ(အိန္ဒိယ)၊ ၉ရက်တွင် အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းနှင့် ခြင်္သေ့မြို့တော် (စင်ကာပူ)၊ ၁၁ ရက်တွင် ပဏာမလက်ရွေးစင်အသင်းနှင့် ခြင်္သေ့မြို့တော်(စင်ကာပူ)တို့ဖြစ်သည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❍



**နည်းပြချုပ် ဦးအေးမောင်ကြီး အဖွဲ့ချုပ်လူငယ်လက်ရွေးစင် ဘောလုံးသမားများအား လေ့ကျင့်မှုနှင့် ပတ်သက်၍ ညွှန်ကြားပြသနေစဉ်။** ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)